

The Border Consortium (TBC)



၂၀၁၂

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဆင်းရဲမွဲတေမှု၊ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှုနှင့် ဒေသန္တရ အစိုးရစနစ်



**The Border Consortium**

**နယ်စပ်အကူအညီပေးရေး ညွန့်ပေါင်းအဖွဲ့**

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဆင်းရဲမွဲတေမှု၊ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှုနှင့် ဒေသန္တရ အစိုးရစနစ်

ကရင်ပြည်တွင်း ဒုက္ခသည်များဆိုင်ရာ ကော်မတီ (CIDKP)
မွန်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)
ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ရှားမှုကွန်ယက် (KESAN)
ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)
ကရင့် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး (KORD)
ကရင်အမျိုးသမီးအစည်းအရုံး (KWO)
ကရင်နီအမြဲစိမ်းအဖွဲ့ (KEG)
ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန (KSWDC)
ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)
မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (MRDC)
ရှမ်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (SSDF)

တို့မှ အချက်အလက်များ စုဆောင်းခဲ့ခြင်းဖြစ်သည်။

**The Border Consortium (TBC)**
12/5 Convent Road, Bangrak,
Bangkok, Thailand.
E-mail: tbcbkk@theborderconsortium.org
www.theborderconsortium.org

Suite 307, 99-B Myay Nu Street, Sanchaung,
Yangon, Myanmar.
E-mail: tbcygn@theborderconsortium.org

**မျက်နှာဖုံး ဓာတ်ပုံ။**
စပါးရိတ်နေသော လယ်ကွင်း။ ဖာပွန်၊ ၂၀၁၂။ KORD
ရွာတွင်း အစည်းအဝေး။ သံတောင်ကြီး၊ ၂၀၁၂။ CIDKP

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ် ........ iv

၁။ နိဒါန်း ........ ၁
၁။ ၁။ နောက်ခံအခြေအနေ ........ ၂
၁။ ၂။ အစီအရင်ခံစာ ပြုစုပုံ နည်းနာ ........ ၆

၂။ ဆင်းရဲမွဲတေမှု ........ ၁၁
၂။ ၁။ ခရီးသွားလာနိုင်မှု ........ ၁၂
၂။ ၂။ နေအိမ် (အမိုးအကာ ရရှိနိုင်မှု) ........ ၁၄
၂။ ၃။ ရေနှင့် ကျန်းမာသန့်ရှင်းရေး ........ ၁၆
၂။ ၄။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရိက္ခာလုံခြုံရေး ........ ၁၈
၂။ ၅။ ပညာရေး ........ ၂၀
၂။ ၆။ ကျန်းမာရေး စောင့်ရှောက်မှု ........ ၂၃

၃။ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှု ........ ၂၅
၃။ ၁။ နေရပ်ရင်း စွန့်ခွာ ထွက်ပြေးရမှုများ ........ ၂၆
၃။ ၂။ နေရပ်ရင်းပြန်ရေးနှင့် ပြန်လည်အခြေချနေထိုင်ရေး ........ ၂၈
၃။ ၃။ နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ရောက်ပေါင်းစည်းရေးဆိုင်ရာမှုများ ........ ၃၀

၄။ ဒေသန္တရ အစိုးရစနစ် ........ ၃၃
၄။ ၁။ အရပ်သားများကို ကာကွယ်စောင့်ရှောက်ပေးရေး ........ ၃၄
၄။ ၂။ ကျေးရွာ၏ ခေါင်းဆောင်မှု ........ ၃၆
၄။ ၃။ သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရေး ........ ၃၈
၄။ ၄။ ပဋိပက္ခ အဆုံးသတ်ရေး ........ ၄၀

နောက်ဆက်တွဲများ ........ ၄၃
၁။ စစ်တမ်းကောက်ခဲ့သော ကျေးရွာများစာရင်း ........ ၄၄
၂။ (၂၀၁၃) ခုနှစ်၊ စစ်တမ်းကောက်ယူခဲ့သော အခြေခံမူဘောင် ........ ၄၉
၃။ အတိုကောက်စာလုံးများနှင့် အရပ်ဒေသ အမည်များ ........ ၅၅

## ပုံများ


၁။ (၂၀၁၃) ခုနှစ် ကျေးရွာစစ်တမ်းကောက် နယ်မြေ ........ ၇
၂။ အဓိက ခရီးသွားလာခဲ့သော နည်းနာ ........ ၁၂
၃။ အနီးဆုံးမြို့သို့ အရောက်သွားရန်ကြာချိန် ........ ၁၃
၄။ အဓိက နေအိမ် (အမိုးအကာ) အမျိုးအစား ........ ၁၄
၅။ လူတစ်ဦးလျှင် ယင်လုံအိမ်သာ ရှိမှုနှုန်း ........ ၁၆
၆။ စိုက်ပျိုးမြေရရှိမှု (မြေပုံ) ........ ၁၈
၇။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ........ ၁၉
၈။ စိုက်ပျိုးမြေရရှိမှု (ဇယား) ........ ၁၉
၉။ အသက်မွေးဝမ်းကျောင်းမှုအတွက် အဟန့်အတားများ ........ ၂၀
၁၀။ အမာခံ ဝမ်းစာရိက္ခာများ ........ ၂၀
၁၁။ ကျောင်းတက်ရောက်နိုင်မှု ........ ၂၁
၁၂။ ကျောင်းများ၊ ကျောင်းသားများနှင့်ဆရာများ ........ ၂၂
၁၃။ ကျန်းမာရေးဌာနများသို့ အလှမ်းမီမှု ........ ၂၃
၁၄။ လွန်ခဲ့သော (၁၂) လ အတွင်းမှာ ရရှိခဲ့သော ကျန်းမာရေးဝန်ဆောင်မှုများ ........ ၂၄
၁၅။ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရသော ပြည်တွင်းဒုက္ခသည်များ ........ ၂၆
၁၆။ နေရပ်ပြန်သူများ ........ ၂၈
၁၇။ အငြင်းပွားမှု ဖြေရှင်းရေး စနစ်များ ........ ၃၄
၁၈။ ရွာလူကြီး ရွေးကောက်ပွဲများ ........ ၃၆
၁၉။ မြေယာလုပ်ပိုင်ခွင့် ချထားရေး စနစ်များ ........ ၃၈
၂၀။ ဦးစားပေး လိုအပ်ချက်များ ........ ၄၀

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန် နှေးကွေးလာခဲ့သော်လည်း၊ နိုင်ငံ၏ ပဋိပက္ခများ အဆုံးသတ်နိုင်စေရေးအတွက် အင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုပြုရန် အလားအလာပို၍ တိုးတက်လာခဲ့ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ရေရှည်တည်တံ့စေရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ ကြွန်အင်လက္ခဏာ၊ လုံခြုံရေး၊ တရားမျှတမှုတို့နှင့် သက်ဆိုင်သည့် လိုလားချက်၊ မျှော်မှန်းထားချက်၊ စိုးရိမ်ပူပန်မှုများအပေါ်တွင် အလေးထား ဆောင်ရွက်ရန် များစွာလိုအပ်ပါသည်။ ယခုကောက်ခံခဲ့သည့် ကျေးရွာအဆင့် စစ်တမ်းကောက်ယူမှုတွင် ဖြေရှင်းရမည့် စိန်ခေါ်မှု ပြဿနာများဖြစ်သော ရေရှည်ဆင်းရဲမွဲတေမှု၊ ရေရှည်အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးနေရမှု၊ အင်အားချိနဲ့သည့် အစိုးရ အုပ်ချုပ်ရေးစနစ်တို့ကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်၊ ပဋိပက္ခ အသွင်ကူးပြောင်း တိုးတက်မှုများနှင့် တစ်ချိန်တည်းတွင် တွေ့မြင်နေရပါသည်။

နယ်စပ်ရှိ အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ The Border Consortium (TBC) က အရပ်ဖက်လူမှုအဖွဲ့အစည်း ၁၁ ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်၍ စစ်တမ်းကောက်ယူ အကဲဖြတ်မှုအတွက် ပုံစံဒီဇိုင်းထုတ်လုပ်ခြင်း၊ စစ်တမ်းကောက်ယူလေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်နယ် ၄ ခု နှင့် တိုင်းဒေသကြီး ၂ ခုအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်အတွင်း ပြန့်ကျဲတည်ရှိနေသော ကျေးရွာ ၂၀၉ ရွာတွင် စစ်တမ်းကောက်ယူမှု ပြုနိုင်ခဲ့ပါသည်။ အထူးသဖြင့် စစ်ပွဲများကြောင့် မအေးချမ်းသေးသော ဒေသများ တွင် အစိုးရဖက်မှပေးသည့် ကျေးရွာစာရင်း မပြည့်စုံမှုကြောင့်၊ နမူနာပုံစံထုတ်ရာတွင် မပြည့်စုံမှုများ ရှိခဲ့ပြီး၊ ကွင်းဆင်း စစ်တမ်းကောက်ယူသည့် ဝန်ထမ်းများကို ကျေးရွာအုပ်စုတစ်စုမှ ထင်ရှားသည့် ရွာတစ်ရွာကို ရွေးချယ်ရန် ညွှန်ကြားခဲ့ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများအနက် တစ်ဝက်ခန့်မှာ အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များက တစ်စုံတရာ အတိုင်းအတာဖြင့် စီမံအုပ်ချုပ်နေကြပါသည်။ ဖြ ရာခိုင်နှုန်းသော ကျေးရွာများသာ မကြာသေးမီက ကုလသမဂ္ဂနှင့် အခြားအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ ကူညီပံ့ပိုးပေးမှုတွင် ပါဝင်ခံစားကြရပါသည်။

ဆယ်စုနှစ်များစွာကြာ စစ်အုပ်ချုပ်ရေး၊ စစ်ပွဲပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ကျေးလက်ဒေသနေ လူမှု အဖွဲ့အစည်းများမှာ ဆင်းရဲမှုကြုံနေရပါသည်။ ထို့အပြင် အခြေခံအဆောက်အဦးများ ကင်းမဲ့နေခြင်း၊ သက်မွေးဝမ်းကျောင်းမှု အပေါ် ထိခိုက်သက်ရောက်မှုများကို ရုန်းကန်ရင်ဆိုင်နေရခြင်း၊ လူမှုရေးဝန်ဆောင်မှုများ များစွာ အကန့်အသတ် ရှိနေခြင်းများ ကြုံတွေ့နေကြရပါသည်။ ကျေးရွာလူထု အများစုမှာ မိမိဘာသာ ရှင်သန်ရပ်တည်နိုင်ရုံ စိုက်ပျိုးစားသောက် နေကြရသော လယ်သမားတောင်သူများဖြစ်ကြပြီး၊ ရရှိနိုင်သောမြေယာမှာလည်း မိမိဘာသာဖူလုံရေးအတွက်ပင် လုံလောက်မှုမရှိပါ။ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များကြောင့် လူထုများမှာ လယ်ယာလုပ်ငန်းနှင့် ဈေးကွက်သို့ ပိုမိုသွားရောက် ထိတွေ့လာနိုင်သည်။ သို့သော်လည်း မိုင်းတွင်းတူးဖော်မှုများ၊ သစ်ထုတ်လုပ်ငန်းများ၊ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းကြီးများ ဝင်ရောက်လာကြသောကြောင့်၊ မြေယာသိမ်းပိုက်မှုများနှင့် လူတန်းစား မညီမျှမှုများလည်း ကြီးထွားလာသည်။ အလားတူပင် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်ပေးမှုများမှာ ဦးစားပေး လိုအပ်ချက်များ ဖြစ်နေကြသော်လည်း၊ တိုင်းရင်းသားဒေသများ အတွင်းသို့ အစိုးရ၏ ဝန်ဆောင်ရေးလုပ်ငန်းများ ချဲ့ထွင်လာမှုနှင့်အတူ အခြားတစ်နည်းတစ်ဖုံဖြင့် ဝါးမြိုမှု၊ ထိန်းချုပ်မှုများ ဖြစ်လာလေမည်လောဟု စိုးရိမ်ပူပန်မှုများလည်း ရှိနေကြသည်။

ယခုနှစ် စစ်တမ်းကောက်ယူမှုသည် ကျေးရွာများ၏ အခြေအနေအပေါ် ဦးစားပေး ကောက်ယူသည့်အတွက်ကြောင့် ယခင်နှစ် စစ်တမ်းက လွှမ်းခြုံနိုင်သည့် မြို့နယ်ထက်စာလျှင် အရေအတွက် နည်းပါသည်။ ထို့အပြင် ယခင်နှစ်က ခန့်မှန်းခဲ့သော မြန်မာ နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ ကျေးလက်များရှိ ပြည်တွင်းဒုက္ခသည် (IDPs) ဦးရေ အရေအတွက် ၄၀၀,၀၀၀ ဂဏန်းကိုလည်း ထပ်၍ အသစ်စစ်ဆေးမှုများ မပြုနိုင်ခဲ့ပါ။ သို့သော် အသစ်သောရွှေ့ပြောင်းရမှုများမှာ ဥပမာအားဖြင့် ကရင်ပြည်နယ် အလယ်ပိုင်းဒေသတွင် ရေကြီးမှုမျိုးကဲ့သို့သော သဘာဝကပ်ဘေးများကြောင့်နှင့် ပဋိပက္ခစစ်ပွဲများထက် စာလျှင် သံယံဇာတ ထုတ်လုပ်ငန်းများနှင့်သက်ဆိုင်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပါသည်။ ဇူလိုင်လ ကရင်ပြည်နယ် ရေကြီးမှုတွင် လူ ၃၃,၀၀၀ ခန့် နေရာရွှေ့ပြောင်းခဲ့ကြရသည်။

ယခင် မူရင်းကျေးရွာများသို့ ပြန်လည်နေထိုင် သို့မဟုတ် နီးစပ်ရာသို့ ပြန်လည် အခြေချသည့် အိုးအိမ်စွန့်ပစ်ထွက်ပြေးခဲ့ရသူ ပမာဏမှာ အကန့်အသတ် ရှိနေပါသေးသည်။ ယခင်ရွှေ့ပြောင်းထွက်ပြေးခဲ့ကြရသည့် ဒုက္ခသည်များက ပြောဆိုကြရာတွင် အနည်းဆုံး သူတို့၏နေရာများမှ အစိုးရစစ်တပ်များ ပြန်လည်ဆုတ်ခွာသည့်ကာလ၊ သို့မဟုတ် ထိတွေ့မှုများ မရှိတော့သည့် အခြေအနေကို စောင့်ဆိုင်းနေကြကြောင်း တစ်သမတ်တည်း ပြောပြကြပါသည်။ ယေဘုယျ သဘောတူညီမှု ရှိနေသော်လည်း၊ အခြေအနေမှာ ရေရှည်တည်တံ့သည့် အိမ်ပြန်မှု၊ သို့မဟုတ် စုစည်းပြီး အိမ်ပြန်ခရီး ဖြစ်ရလောက်အောင် အခြေအနေ မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း သက်ဆိုင်ပတ်သက်သည့် အင်အားစုများ စတင်ပြင်ဆင်မှုများ ပြုကြသည့်အခါ၊ ဒုက္ခသည်များ၊ ဒုက္ခသည် အသိုက်အဝန်းများ အိမ်ပြန်နိုင်မည့် အလားအလာလည်း ရှိနေပါသည်။ သို့သော်လည်း မြို့နယ်ခွဲ တည်ဆောက်နေမှုနှင့် ဒုက္ခသည်များ ပြန်လည်နေရာချထားရေး ကနဦးစမ်းသပ်မှုများမှာ နိုင်ငံတကာ စံနှုန်းများကို ပစ်ပယ်ထားဖွယ်ရှိကြောင်း စိုးရိမ်ပူပန်မှုများလည်း ရှိနေပါသည်။

ဒေသန္တရအစိုးရစနစ်များမှာ အဓိကအားဖြင့် ကျေးရွာခေါင်းဆောင်များအပေါ် မူတည်နေပါသည်။ ယခုစစ်တမ်းကောက်ယူမှုတွင် တွေ့ရှိချက်များအရ ဒေသခံ အိမ်ထောင်စုများအပေါ် တာဝန်ယူ တာဝန်ခံမှု ရှိကြောင်း တွေ့ရပြီး၊ ဒေသခံအရေး ကိစ္စများ ဆောင်ရွက်ခြင်း၊ ပဋိပက္ခများ ဖြေရှင်းပေးခြင်း လုပ်ငန်းစဉ်များတွင် အဓိက တာဝန်ရှိကြပါသည်။ အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများက လုံခြုံရေးနှင့် ကာကွယ်ပေးမှုအတွက် လိုအပ်သည့် သတင်းအချက်အလက်များ ပံ့ပိုးကူညီပေးကြသည်။ သို့သော် တွေ့ရှိချက်များအရ မြန်မာအစိုးရ မြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့အပေါ်တွင် အကျယ်အပြန့် မယုံကြည်စိတ်၊ သံသယစိတ်များ ရှိနေကြကြောင်း တွေ့ရပါသည်။ သို့အတွက်ကြောင့်ပင် ရပ်ရွာအခြေပြု သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသများတွင် တရားမျှတမှု ရရှိစေရေး၊ အားကောင်းစေရေးတွင် ကြီးစွာသော အခက်အခဲရှိနေစေပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား အဖွဲ့အစည်းဆိုင်ရာ စနစ်များ ပေါင်းစည်းရေးသည် အရည်အသွေးများ မြင့်တက်လာစေရေး၊ ကျေးရွာခေါင်းဆောင်များအပေါ်တွင် ကျရောက်နေရသည့် ဝန်ထုပ်ဝန်ပိုးများ လျော့ပါးလာစေရေးတို့အတွက် အထူးအရေးကြီးပါသည်။

နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့်လည်း၊ ယခုကဲ့သို့ ပဋိပက္ခအသွင်ကူးပြောင်း ဖြစ်ပေါ်တိုးတက်သည့် အနေအထားတွင် ကြုံတွေ့ကြရသည့် စိန်ခေါ်မှုပြဿနာမှာ အခြေခံလိုအပ်ချက်များကို တုံ့ပြန်ကူညီပေးနေသည့် အနေအထားမှ၊ ကာကွယ်ပေးမှုဆိုင်ရာကိစ္စများဖက်သို့ ပို၍အလေးထား ရွှေ့ပြောင်းလာရခြင်းပင် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော် အစိုးရ၏ တရားဝင်မှုသည် အငြင်းပွားဖွယ်ရှိနေဆဲကာလတွင် ဖြစ်ပါသည်။ ယင်းကာလမျိုးတွင် ဖွံ့ဖြိုးမှုအတွက် သမားရိုးကျ ရည်ရွယ်ချက်များဖြစ်သည့် လူသားချင်းစာနာမှု အထောက်အပံ့များ ပိုမိုတိုးချဲ့ပေးနိုင်ရေး၊ အစိုးရ၏ စွမ်းဆောင်ရည်များ ခိုင်မာသန့်စွမ်းအောင် ကြိုးပမ်းရေး စသည့်လုပ်ငန်းများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဒေသန္တရ အစိုးရများအကြား ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းများအပေါ် ဆန့်ကျင်သည့်ရလဒ်များလည်း ဖြစ်ပေါ်နိုင်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ မြို့နယ်များနှင့် လုပ်ငန်းကဏ္ဍပေါင်းစုံတွင် ထိခိုက်နစ်နာဖွယ်အကြောင်းများ ရေရှည်တည်ရှိနေသည်ကို တွေ့ရသော်လည်း၊ အလွန်ကြံ့ကြံ့ခံနိုင်သည့် လူမှုအဖွဲ့အစည်းများဟု ဆိုနိုင်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အကူအညီပေးရေး အဖွဲ့အစည်းများက လူမှုရေးအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရေး ကူညီပံ့ပိုးပေးသွားရန် မရှိမဖြစ် လိုအပ်ပါသည်။ သို့မဟုတ် အနည်းဆုံးအနေနှင့် ဒေသခံလူထုများ၏ ရင်ဆိုင်ရပ်တည်ရေး မဟာဗျူဟာများအပေါ်တွင် သေချာမပြင်ဆင်ထားသည့် အစီအစဉ်များကြောင့် ဆိုးကျိုးဆုတ်ယုတ်မှုများ မဖြစ်ပေါ်စေသင့်ကြောင်း တင်ပြရပါသည်။

“

*၁၉၄၈ ခုနှစ်မှာ၊ ယူနိုက်တက်ကင်းဒမ် ဆီကနေ လွတ်လပ်ရေးရပြီး၊ လပိုင်း အကြာမှာပဲ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်ပွား လာခဲ့ပါတယ်။ လက်နက်ကိုင် ပဋိပက္ခပေါင်းစုံ ပါဝင်တဲ့ ဒီပြည်တွင်းစစ်ဟာ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပါတယ်။*

*ကျန်ရှိနေတဲ့ လက်နက်ကိုင် ပဋိပက္ခအားလုံးဟာ လူမျိုးရေးလက္ခဏာဆောင်ပြီး ကြာရှည် နစ်နာခံစားနေရတဲ့ လူမျိုးရေးနစ်နာမှုတွေနဲ့၊ လူမျိုးရေး မျှော်မှန်းချက်တွေအပေါ်မှာ အခြေခံပါတယ်။ မြန်မာနိုင်ငံမှာက အစိုးရ မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ တစ်ဖွဲ့တည်းမျှသာ မဟုတ်ဘဲ၊ တစ်ဒါဇင်ကျော်ကျော် ရှိပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုနဲ့ပတ်သက်တဲ့ ပြဿနာရှုပ်ထွေးမှုတွေကို တွေးကြည့်ပြီး၊ အဲဒါတွေကို (၁၂) နဲ့ မြှောက်ကြည့်လိုက်စမ်းပါ။ ရှိနေတဲ့ပြဿနာတွေကတော့ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အာဏာ ခွဲဝေရေးနဲ့ အရင်းမြစ် ခွဲဝေရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနဲ့ ဘာသာစကား မူဝါဒ၊ ခွဲခြားဆက်ဆံမှု မခံရရေးနဲ့ လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲရေးတို့ပဲ ဖြစ်ပါတယ်။ (ကျနော်တို့ဟာ) မကြာမီမှာ အလှည့်အပြောင်း တစ်ခုကို လှည့်ပြောင်းရလိမ့်မယ်လို့ ကျနော်ယုံကြည်ပါတယ်။ လာမယ့် သီတင်းပတ်အချို့ ကြာပြီးနောက်မှာ ကျနော်တို့ဟာ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးရရှိဖို့ အလားအလာများ စွာရှိပြီး၊ နှစ်ပေါင်း (၆၀) ကျော်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတဝှမ်းလုံးမှာ သေနတ်သံတွေ တိတ်ဆိတ် သွားတော့မှာ ဖြစ်ပါတယ်။ ဒါဟာ ထူးထူးခြားခြား ဂုဏ်ယူထိုက်တဲ့အောင်ပွဲကြီးတစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဒါဟာလည်း ကျနော်တို့ အရယူရမယ့် တရားမျှတမှုလည်းရှိ၊ ရေရှည်လည်းတည်တံ့တဲ့ ငြိမ်းချမ်းရေးဆီသို့ ဦးတည်သွားရာ လမ်းမှာ ပထမခြေလှမ်းမျှသာ ဖြစ်ပါလိမ့်မယ်။ ဒီနောက်မှာ ခက်ခဲတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရဦးမှာ ဖြစ်ပြီး၊ ပင်ပန်းခက်ခဲတဲ့ စေ့စပ်ဆွေးနွေးမှုတွေကိုလည်း လုပ်သွားဖို့ လိုပါသေးတယ်။ ဒါပေမယ့် ဒါတွေကို လုပ်သွားရမှာ ဖြစ်ပါတယ်။*

*ဒ့ါအပြင်၊ ကျနော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့ဆိုရင်၊ ဒီဖြစ်စဉ်ကို လူမျိုးပေါင်းစုံလက္ခဏာ ပိုမိုဆောင်တဲ့ အမျိုးသားနိုင်ငံပေါ်ပေါက်ရေးနဲ့ ဆက်စပ်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ၊ ဟိန္ဒူဘာသာနဲ့ အခြားဘာသာများ) တို့အနေနဲ့ မိမိတို့ ဟာ ဒီအမျိုးသားနိုင်ငံသစ်ရဲ့ အစိတ်အပိုင်းဖြစ်တယ်လို့ ခံစားရမှာဖြစ်ပါတယ်။ ကျနော်တို့ နိုင်ငံဟာယဉ်ကျေးမှု ပေါင်းစုံ၊ ဘာသာပေါင်းစုံ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။*

”

သမ္မတ ဦးသိန်းစိန်
ချတ်သမ် ဂေဟာ (Chatham House) လန်ဒန်မြို့ခွန်း
ဇူလိုင်လ (၁၅) ရက်နေ့ (၂၀၁၃) ခုနှစ်။

အခန်း (၁)

# နိဒါန်း

ဆူကာလီ မြို့နယ်ခွဲ၏ ဖွံ့ဖြိုးတိုးတက်မှု။
မြဝတီ၊ ၂၀၁၃။ CIDKP



ရေကာတာတည်ဆောက်ရန် မြေယာသိမ်းယူမှုကို ဆန္ဒပြနေခြင်း။
တောင်ငူမြို့နယ်။ ၂၀၁၂။ KORD



# ၁။ ၁။ နောက်ခံအခြေအနေ

> *"အပစ်ခတ် ရပ်စဲရေး သဘောတူညီချက်နဲ့ ပတ်သက်လို့ ကျနော်တို့ ပျော်ပါတယ်၊ ကြိုလည်း ကြိုဆိုပါတယ်၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေး ဖြစ်သွားစေချင်ပါတယ်။ ငြိမ်းချမ်းရေးရရင်၊ ကျနော်တို့ အေးအေးဆေးဆေး နေနိုင်မယ်။ ကျနော်တို့ရဲ့ လုံခြုံရေးအတွက်လည်း စိုးရိမ်စရာ မလိုတော့ဘူးပေါ့။"*
>
> ကယားအမျိုးသားတစ်ဦး၊ ဒီမောဆိုးမြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ KSWDC ၏ တွေ့ဆုံမေးမြန်းချက်။

မြန်မာနိုင်ငံရှိ လူမျိုးရေး ပဋိပက္ခလက္ခဏာများသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း၊ အာရှတလွှားမှာ ဖြစ်ပွားသော နိုင်ငံတော်၏ အောက်ခြေအဆင့်ရှိ ပဋိပက္ခများကို ထင်ဟပ်နေပါသည်။ ကိုလိုနီစနစ် ဖျက်သိမ်းခြင်းနှင့်၊ နိုင်ငံတည်ဆောက်ခြင်း တည်းဟူသော အကြောင်းပြချက်အောက်တွင်၊ ယဉ်ကျေးမှု မတူကွဲပြားသော လူမျိုးစုအမျိုးမျိုးတို့အပေါ် စိုးမိုးသည့် နိုင်ငံရေးအာဏာသည် အဓိကလွှမ်းမိုးသည့် လူမျိုးစုထဲရှိ၊ မြို့နေ အခွင့်ထူးခံလူတန်းစား၏ လက်ဝယ်၌ အခိုင်အမာ ဖြစ်တည်လာခဲ့သည်၊ ဗဟိုချုပ်ကိုင်မှုလည်းရှိ၊ ခွဲခြားဆက်ဆံမှုလည်းရှိသော အုပ်ချုပ်မှု၊ ယဉ်ကျေးမှုအရ ဝါးမြိုမှု၊ အခြား တိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်မြေများကို သိမ်းယူမှုများ ဖြစ်ပေါ်လာခဲ့သည်။ လူနည်းစု အမျိုးသားများအပေါ် မတော် မတရားပြုမှုပြီး၊ တစ်လျှောက်လုံး ထိပါးစော်ကားခဲ့သည်ဟူသော မကျေနပ်ခံစားမှုများ ဖြစ်ပွားစေပါသည်။ အစိုးရ အာဏာကို လက်နက်ကိုင်နည်းဖြင့် ခုခံမှုများ ပေါ်ပေါက်လာစေခဲ့ပြီး၊ ယင်းနှင့်ပတ်သက်၍ အရပ်သားများကို ပစ်မှတ်ထားသော သူပုန်နှိမ်နင်းရေးစစ်ဖြင့် နှိပ်ကွပ်ခဲ့သည်။ အရပ်သားများကို ပစ်မှတ်ထားခြင်းကြောင့် ကြောက်ရွံ့စိတ်နှင့် သံသယစိတ်တို့ကို ပိုမိုဆိုးရွားစေပါသည်။ ဤသို့ဖြင့် အစိုးရ၏ တရားဝင်မှုလည်း ပင်မ အငြင်းပွားဖွယ်ရာ ပြဿနာတစ်ခု ဖြစ်လာစေပါသည်။[၁]

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့အတွက် အသိအမှတ်ပြုဖွယ် အခွင့်အလမ်းများရှိခဲ့သည်။ (၁၉၄၈) ခုနှစ်၊ လွတ်လပ်ရေးရချိန်၌လည်းကောင်၊ (၁၉၆၀) ခုနှစ်၊ အရပ်သားအုပ်ချုပ်ရေး ပြန်လည်ပေါ်ပေါက်လာသော အချိန်၌လည်းကောင်း၊ (၁၉၆၃–၆၄) ခုနှစ်၊ ပြည်လုံးကျွတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလအတွင်း၌လည်းကောင်း၊ (၁၉၈၈) ခုနှစ်၊ ဒီမိုကရေစီအရေး လူထုအုံကြွမှုကာလအတွင်း၌လည်းကောင်း ရယူတည်ဆောက်နိုင်ခဲ့ ဖွယ်ရှိသော်လည်း လွဲချော်ခဲ့ရပါသည်။ အမှန်တွင် လူနည်းစုတိုင်းရင်းသား လူမျိုးစုများသည် လူဦးရေ၏ အနည်းဆုံး (၃) ပုံ (၁) ပုံခန့်ရှိရာ၊ နိုင်ငံရေးဆိုင်ရာနှင့် လူမျိုးစုဆိုင်ရာ အကျိုးစီးပွားများကို ဘေးချိတ်ထားခြင်းသည် တိုင်းပြည်၏ အခြေခံအကျဆုံး ပျက်ကွက်မှုကြီးပင်ဖြစ်သည်။ သို့ဖြစ်ရာ၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ စတင်လာချိန်တွင်၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အကောင်းမြင်မှုများ ဖြစ်ပေါ် နေခြင်းသည် အားရကျေနပ် ထောက်ခံစရာဖြစ်သော်လည်း၊ လက်ရှိ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်နှင့်ပတ်သက်၍ အရပ်သား အဖွဲ့အစည်းများ၏ သတိပေး ထောက်ပြနေမှုများအပေါ်တွင်လည်း အလေးပေးဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။[၂]

မြန်မာနိုင်ငံ၏ လက်ရှိ အသွင်ကူးပြောင်းရေးကာလတွင် ယခင်အခွင့်အလမ်း လွဲချော်ခဲ့မှုများမှနေ၍ သင်ခန်းစာ ရယူရန်နှင့်၊ ထို့အပြင် (စစ်ပွဲနှင့် မတရားဖိနှိပ်မှုတည်းဟူသော အတိတ်အမွေဆိုးပြဿနာကို ဖြေရှင်းနိုင်ရန် အလို့ငှာ) ပွင့်လင်းမြင်သာ မှုလည်းရှိ၊ အင်အားစု အများပါဝင်နိုင်မှုလည်းရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်တစ်ရပ်အတွက် ကြိုးပမ်းရန် အခွင့်အလမ်း ရှိနေပါသည်။ အရေးကြီးသော ပြဿနာများကို ရှောင်ဖယ်ဆွေးနွေးခြင်း မပြုဘဲ၊ စစ်ဒဏ်သင့် လူမှုအုပ်စု များ၏ စိုးရိမ်မှုများနှင့် မျှော်လင့်ချက်များကို အသိအမှတ်ပြုပြီး၊ ထည့်သွင်း ဆွေးနွေးသင့်ပါသည်။ အမျိုးသား လက္ခဏာ၊ လုံခြုံရေး၊ တရားမျှတမှုတို့နှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းရန်၊ ယုံကြည်မှု တည်ဆောက်ခြင်းနှင့်၊ အဖွဲ့အစည်း (အင်စတီ ကျူးရှင်း) များကို ပြုပြင်ပြောင်းလဲခြင်းတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခရာ ကျပေသည်။

အခြေခံဥပဒေကို စစ်တပ်က တာဝန်ပေး ခန့်အပ်ခံရသူများက ရေးဆွဲခဲ့ကြပြီး၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည်လည်း လွတ်လပ်မှုနှင့် တရားမျှတမှုမရှိဟု လူအများက မြင်ခဲ့ကြသည့်တိုင်၊ သမ္မတ ဦးသိန်းစိန်၏ အုပ်ချုပ်မှု၌ သက်တမ်းတစ်ဝက်

---

[၁] Parks, Colletta & Oppenheim, 2013, *"The Contested Corners of Asia: Subnational Conflict and International Development Assistance"*, The Asia Foundation, Bangkok, pages 1-2, www.asiafoundation.org/conflictstudy

[၂] Transnational Institute & Burma Centre Netherlands, Oct. 2013, *"Burma's Ethnic Challenge: From Aspirations to Solutions"*, page 3-4, www.tni.org/work-area/burma-project

ကာလမှာ လွတ်လပ်ပွင့်လင်းစေသည့် လစ်ဘရယ် ပြုပြင်ပြောင်းလဲမှု လက္ခဏာများကို တွေ့ခဲ့ကြရသည်။ မြေယာ ပိုင်ဆိုင်ခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့် ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေသစ်များမှာ ကန့်သတ်ချုပ်ချယ်ရေး အစီအမံများ ပါရှိနေသေးသော်လည်း၊ နိုင်ငံရေးလှုပ်ရှားမှု နယ်ပယ်ကို ချဲ့ထွင်ပေးလိုက်ခြင်း၊ နိုင်ငံရေးအကျဉ်းသား အတော်များများကို လွှတ်ပေးခဲ့ခြင်းနှင့်၊ ရဲတင်းသော အရပ်သားအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းတို့ကြောင့် လူထုထဲမှာ ငြင်းခုန်ဆွေးနွေးမှုများ ပိုမိုအားကောင်းလာခဲ့သည်။ စစ်တပ်က နိုင်ငံရေးတွင် ဆက်လက်ပါဝင်နေခြင်းနှင့်ပတ်သက်၍ ရတက်မအေးမှုများ ရှိမြဲရှိနေသော်လည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသို့ အာဏာခွဲဝေပေးရန် ဥပဒေပြုပြင် ပြောင်းလဲမှု လုပ်ဆောင်ပေးခဲ့သည့်အပြင်၊ လူထုဆွေးနွေးဝိုင်းများက ဖက်ဒရယ်စနစ်အကြောင်းကို ယခင်ထက်ပို၍ နေရာ အများပြားမှာ ဆွေးနွေးပြောဆိုလာကြသည်။ ဤအချိန်တွင် အခြေခံဥပဒေ ပြန်လည်စီစစ်ရေးအတွက် လွှတ်တော် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

မြန်မာအစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုပေါင်း (၁၃) ခုကို ဆွေးနွေးခဲ့ရာ၊ တိုက်ပွဲဖြစ်ပွားမှုများ သိသိသာသာ လျော့နည်းကျဆင်းသွားခဲ့သည်။ ကချင်ပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခသည် (၂၀၁၂) ခုနှစ် အကုန်မှာ အရှိန်မြင့်မားလာခဲ့သည်။ သို့ရာတွင် ဖေဖော်ဝါရီလအတွင်း၌ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် အစိုးရ၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ **(Union - Level Peacemaking Work Committee – UWPC)** တို့အကြား ဆွေးနွေးပွဲများ ပြန်လည်စတင်လာနိုင်ခဲ့ခြင်းကြောင့် (တရားဝင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်း မပြုလုပ်ရသေးသည့်တိုင်) တိုက်ပွဲဖြစ်ပွားမှုများ သိသိသာသာ လျော့နည်းသွားခဲ့သည်။ အခြားနယ်မြေဒေသများ၌လည်း တိုက်ပွဲငယ်များ ကြိုကြား ကြိုကြား ဆက်လက် ဖြစ်ပွားနေဆဲရှိသည်။ အထူးသဖြင့် မြောက်ပိုင်း ရှမ်းပြည်နယ်နှင့် အလယ်ပိုင်း ရှမ်းပြည်နယ်တို့တွင် ဖြစ်သည်။ ဤပစ်အခတ် ရပ်စဲရေး လုပ်ထားပြီးဖြစ်လျှက်နှင့်ပင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နယ်မြေများသို့ မြန်မာစစ်တပ်၏ တပ်ဖွဲ့များနှင့် ထောက်ပံ့ရေး ပစ္စည်းများကို တိုး၍ချထားခဲ့သည်။ သို့ရာတွင် သူပုန်နှိမ်နင်းရေး တိုက်ကင်းများလှည့်ခြင်းနှင့် သွားလာရေး ကန့်သတ်ချုပ်ချယ်မှု များ လျော့နည်းသွားခဲ့ရာ၊ အရပ်သားများအဖို့ လယ်ယာလုပ်ခွင်များနှင့် ဈေးကွက်များသို့ ယခင်ကထက် ပို၍သွားရောက်ထိတွေ့ လာနိုင်သည်။

မြန်မာနိုင်ငံ တစ်ဝှမ်းလုံး၌ တရားဥပဒေစိုးမိုးမှု အားနည်းနေဆဲရှိသည်။ တရားမျှတမှုရရှိရေးသည် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများတွင် အထူးသဖြင့် ခက်ခဲသည်။ သီးခြားလွတ်လပ်သော အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်စစ်ဆေးမှု လုပ်ထုံး လုပ်နည်းများ မရှိသဖြင့်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ တိုက်ပွဲဖြစ်ပွားရာနယ်မြေများတွင် အရပ်သားများအား လူ့ အခွင့်အရေးချိုးဖောက်မှုရန်မှ ကာကွယ်စောင့်ရှောက်ပေးမှု ကင်းမဲ့နေဆဲရှိသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ဝင်ရောက်နိုင်မှုသည် အဓိကအားဖြင့် ပြည်နယ်အဆင့် အာဏာပိုင်များနှင့် အဖွဲ့အစည်းသဘောအရ ဆက်ဆံမှုအပေါ်မှာ တည်သော်လည်း၊ အများအားဖြင့် ခရီးသွားလာခွင့်ရရှိရေးတွင် ကောင်းစွာ တိုးတက်မှုမရှိချေ။ နိုင်ငံတကာ ဝန်ထမ်းများ သည် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများသို့ သွားရောက်ရာတွင် စောင့်ကြပ်လိုက်ပါခံနေရဆဲ ရှိသည်။ "မြန်မာဇာတ် သွပ်သွင်းခြင်း" နှင့် အစိုးရထိန်းချုပ်မှု ချဲ့ထွင်ခြင်းတို့ကို ရေရှည်ခုခံဆန့်ကျင်လာခဲ့သည် ဖြစ်ခြင်းကြောင့် လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ပြဿနာများကို လောက်လောက်လားလား ဖြေရှင်းမပေးနိုင်သမျှ ကာလပတ်လုံး၌၊ လူသားချင်း စာနာမှုဆိုင်ရာ ဝန်ဆောင်မှုများသည် ဆက်လက်၍ မလုံမလောက်ဘဲ ရှိနေမည်ဟု ယူဆရသည်။

ပဋိပက္ခ၏ ဤအကြောင်းအရင်းများကို ဖြေရှင်းရန် အလို့ငှာ၊ နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းစည်းမျဉ်း အခြေခံမူဘောင်နှင့် ပတ်သက်၍ အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့စည်းများအကြား ဆက်လက်လုပ်ဆောင်နေ ကြဆဲရှိသည်။ (၂၀၁၃) ခုနှစ်မကုန်မီမှာ နိုင်ငံရေးဆွေးနွေးပွဲစတင်ပြီဟု အချက်ပြနိုင်ရန်အတွက် အစိုးရနှင့် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများသည်၊ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်ရေး မျှော်လင့်နေကြလျှက်ရှိသည်။ ဤလုပ်ငန်းစည်းမျဉ်း အခြေခံမူဘောင်အရဆိုလျှင်၊ ပင်လုံညီလံသဘော ညီလာခံကြီးတစ်ခုတွင် တွေ့ဆုံ၍ အဓိကပြဿနာများ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများအပေါ် တိုင်ပင်ဆွေးနွေးမှုများ၊ စေ့စပ်ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ထိုမှတဖန် (၂၀၁၅) ခုနှစ်အတွင်း၊ လွှတ်တော်၏ သက်တမ်းမကုန်ဆုံးမီမှာ၊ အမျိုးသား ပဋိဉာဉ်စာချုပ် **(National Accord)** တစ်ရပ်အတွက် လမ်းညွှန်မှုများကို ချမှတ်နိုင်မည် ဖြစ်သည်။ ဆယ်ခုနှစ်များနှင့်ချီ၍ ဖြစ်ပွားလာခဲ့သော ပဋိပက္ခကို လပိုင်းမျှနှင့် ဖြေရှင်းနိုင်သည်ဟု မည်သူကမျှ မဆိုသော်လည်း၊ (၂၀၁၅) ခုနှစ် ရွေးကောက်ပွဲအလွန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက်ဖြစ်ပေါ်

တိုးတက်စေရေးအတွက်၊ အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ပြီး၊ အသွင်ကူးပြောင်းရေး အစီအစဉ်အချို့ကို ချမှတ်ရန် အပူတပြင်း လိုအပ်နေပါသည်။

နှစ်ဦးနှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လုပ်ဆောင်၍ မပြီးသေးသဖြင့်၊ တစ်ပြည်လုံး အပစ်ခတ် ရပ်စဲရေးဆီသို့ တက်လှမ်းရန် အချိန်မတန်သေးပါဟု အခြားသော လူမျိုးစုခေါင်းဆောင်များက ယင်းတို့၏ စိုးရိမ်မကင်းမှုကို ဖေါ်ပြကြသည်။ ထို့အတူပင် အကြံပြုတင်ပြထားသော လုပ်ငန်းစည်းမျဉ်း အခြေခံမူဘောင်သည် (ပဋိပက္ခဖြေရှင်းရေးတွင် အဓိက အဟန့်အတားကြီး (၂) ခု ဖြစ်သည်ဟု ယူဆထားသော) လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်မှာ စစ်တပ် ကိုယ်စားလှယ်များ အလိုအလျှောက် ပါဝင်နေခြင်းတို့ကို တရားဝင်ကြောင်း အသိမှတ်ပြုရာရောက်သည်ဟု စိုးရိမ်သူများ လည်းရှိသည်။ အကြံပြုတင်ပြထားသော နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်နှင့်ပတ်သက်၍ စစ်တပ်ခေါင်းဆောင်များ၏ အမြင်ကို ရှင်းရှင်းလင်းလင်း မသိရသေးဘဲ ရှိနေသည်။ ဤတွင် တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး ကြေညာချက်သည် မြန်မာနိုင်ငံ၏ သယံဇာတ ကြွယ်ဝသော နယ်စပ်ဒေသများမှာ စီးပွားရေးလုပ်ငန်းများအတွက် လမ်းပွင့်လာစေပြီး၊ နိုင်ငံတကာရင်းနှီး မြှုပ်နှံသူများအား လာရောက်အချက်ပြခြင်း ဖြစ်သည်ဟု ဆိုနိုင်ကြောင်း ထင်မြင်ချက်များလည်း ပေါ်ထွက်လာခဲ့သည်။ အသွင်ကူးပြောင်းရေးကာလ၊ စည်းမျဉ်းဥပဒေ ကန့်သတ်ထားခြင်း မရှိသော အခြေအနေ၌ ရင်းနှီးမြှုပ်နှံမှုကြောင့် နောက်ထပ် တစ်ကျော့နစ်နာမှုများ ဖြစ်ပွားစေနိုင်ပြီး၊ ငြိမ်းချမ်းရေးမှလည်း တိမ်းချော်သွားနိုင်ပါသည်။

နိုင်ငံရေး မသေချာမရေရာသော ဤအခြေအနေမျိုးသည် မြန်မာနိုင်ငံ အရှေတောင်ပိုင်းရှိ အိုးအိမ်အခြေပျက်၊ စစ်ဒဏ်သင့် လူမှုအုပ်စုများအဖို့ မျှော်လင့်ချက်များအပြင်၊ စိုးရိမ်မှုများလည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင်၊ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများအဖို့လည်း သို့လော၊ သို့လော တွေးစရာဖြစ်စေပါသည်။ လောလောဆယ်အားဖြင့် ထိုင်းနိုင်ငံနယ်စပ်ရှိ ဒုက္ခသည် စခန်းများတွင် ဒုက္ခသည် (၁၂၈,၀၀၀) ဦး ရှိနေပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်တောရွာဒေသများ၌မူ ပြည်တွင်းဒုက္ခသည် **(Internally displaced persons)** ပေါင်း (၄၀၀,၀၀၀) ဦးခန့် ရှိနေပါသည်။ ဒုက္ခသည် **(refugee)** နှင့် ပြည်တွင်းဒုက္ခသည်များထဲမှ မိမိတို့ဆန္ဒအလျှောက် မိမိတို့၏ မူလကျေးရွာ (သို့မဟုတ်) အနီးအနားရှိ မူလအိမ်စုများသို့ ပြန်သွားကြသူများသည် ယနေ့အထိ အနည်းအကျဉ်းမျှသာ ရှိပါသေးသည်။ သို့ဖြစ်ရာတွင်၊ လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့ အစည်းများအဖို့ စိန်ခေါ်မှုသည်ကား – အချိန်လည်း မတန်သေး၊ တာရှည်လည်းမခံသော အိမ်ပြန် – နေရပ်ပြန်မှုမျိုးကို တိုက်တွန်းအားပေးခြင်း မပြုဘဲ၊ နေရပ်ရင်း စွန့်ခွာထွက်ပြေးရသူများနှင့် ကျေးရွာများအဖို့ ဖြစ်လာနိုင်စရာရှိသော နေရပ်ပြန်ရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းအတွက် ကူညီထောက်ပံ့ပေးရန် ဖြစ်လာပါသည်။[၃]

အပစ်အခတ် ရပ်စဲရေးများနှင့် ဒုက္ခသည်များ နေရပ်ပြန်ရေး လုပ်ငန်းတို့နှင့်ပတ်သက်၍ ထိုင်းနယ်စပ် တစ်လျှောက်မှာ ယခင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများသည် အခက်အခဲ အဟန့်အတားများနှင့် ပြွမ်းတီးနေပြီး၊ ဤအခက်အခဲ အဟန့် အတားများကြောင့် ရေရှည်ခံသော ပြန်လည်ဝင်ရောက်ပေါင်းစည်းရေး ဖြစ်မလာသေးချေ။ (၁၉၉၅) ခုနှစ်အတွင်းက မွန်ဒုက္ခသည်များကို အပစ်အခတ်ရပ်စဲရေး နယ်မြေရှိ ပြန်လည်နေရာချထားရေးစခန်းများသို့ အတင်းအကျပ် ပြန်ခိုင်းခဲ့ခြင်း ကြောင့် ဒုက္ခသည်များသည် ကာကွယ်စောင့်ရှောက်မှုသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသော် လည်းကောင်း၊ လူမှုရေး ဝန်ဆောင်မှုများသော်လည်းကောင်း၊ မရရှိကြဘဲ၊ ရေမျောကမ်းတင် ဘဝဖြင့် အထီးကျန် ဖြစ်ခဲ့ကြရသည်။ ထိုနှစ်ထဲမှာပင် အချိန်မတန်းဘဲ ကရင်နီဒုက္ခသည်များပြန်သွား ကြပြီးနောက် စစ်တပ်များဝင်ရောက်လာခြင်း၊ နေရာအနှံ့ တပ်စွဲထားခြင်းတို့ကြောင့် အပစ်အခတ် ရပ်စဲရေး ပျက်ပြားသွားခဲ့ရရာ၊ လအနည်းငယ် ကြာမှာပင် ပြန်၍ ထွက်ပြေးခဲ့ကြရသည်။ ဝအဖွဲ့အစည်း၏ အပစ်အခတ်ရပ်စဲရေးနှင့်အတူ (၁၉၉၉) မှ (၂၀၀၁) ခုနှစ်အတွင်း ပြန်လည်နေရာချထားရေး အစီအစဉ်ကြောင့် ရှမ်းလူမျိုး အရပ်သားများသည် နေရပ်ရင်းကို စွန့်ခွာထွက်ပြေးကြရပြီး၊ ယင်းတို့သည် ထိုင်းနိုင်ငံအတွင်းမှာ ခိုလှုံခွင့်လည်း မရခဲ့ကြချေ။ ကရင်ဒုက္ခသည်များ (၂၀၀၄) ခုနှစ်တွင် မိမိတို့၏ သဘောဆန္ဒအလျောက် နေရပ်ပြန်ရေးအတွက် ပြည့်ပြည့်စုံစုံရေးဆွဲထားသော အရေးပေါ်အစီအစဉ်သည်ပင်လျှင် ဗိုလ်ချုပ်ကြီး ခင်ညွန့် အဖမ်းခံလိုက်ရပြီးနောက်တွင် "လူကြီးလူကောင်း သဘောတူညီချက်" သည်လည်း ပျက်ပြားသွားခဲ့ရသည်။

[၃] The Border Consortium, *"Programme Report: January – June 2013"*, www.theborderconsortium.org

၎င်းအတွေ့အကြုံများမှနေ၍ ရရှိခဲ့သော သင်ခန်းစာတစ်ခုကား စစ်ဒဏ်သင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးသည် ဒုက္ခသည် လူမှုအုပ်စုများ၏ တာရှည်ခံသော၊ မိမိသဘော ဆန္ဒအလျောက်ဖြစ်သော၊ ဂုဏ်သိက္ခာရှိသော နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည် ဝင်ရောက်ပေါင်းစည်းနိုင်ရေးအတွက် အထောက်အကူပြုပေးမည့် အခြေအနေများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ၎င်းအခြေအနေများသည် အပြန်အလှန် အမှီသဟဲ ပြုနေပါသည်။ ကိုယ်ခန္ဓာ ဘေးကင်းလုံခြုံမှု (လက်နက်ကိုင် တိုက်ပွဲများနှင့် မြေမြုပ်မိုင်းဘေးရန်မှ ကာကွယ်စောင့်ရှောက်ပေးမှု အပါအဝင် ဖြစ်သည်)။ တရားဥပဒေအရ လုံခြုံမှု (တရားမျှတမှုနှင့် နိုင်ငံသား အခွင့်အရေးရရှိမှု အပါအဝင်ဖြစ်သည်)၊ ရုပ်ဝတ္ထုအရ လုံခြုံမှု (မြေယာနှင့် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီရရှိမှု အပါအဝင်ဖြစ်သည်) တို့ကို အာမခံပေးသော ကာကွယ်စောင့်မှုနှင့် ဖြေရှင်းပေးမှုတို့အတွက် ဘက်ပေါင်းစုံ ချဉ်းကပ်နည်း တစ်ရပ် လိုအပ်သည်။ ယခင် လေ့လာတွေ့ရှိချက်များ၌ မြန်မာနိုင်ငံ၊ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများတွင် အိမ်ထောင်စုများ၏ ၅၉% သည် ဆင်းရဲမွဲတေမှုကို ရင်ဆိုင် နေကြရပြီး၊ နေရာအနှံ့ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသည်ဟု ဖော်ပြထားခဲ့လေရာ၊ ၎င်းကိစ္စသည် ရောမ စိန်ခေါ်ချက်ကြီးတစ်ခု ဖြစ်နေပါသည်။[၉]

[၉] The Border Consortium, Oct 2012, Changing Realities, *"Poverty and Displacement in South East Burma/Myanmar"*

# ၁။ ၂။ အစီအရင်ခံစာ ပြုစုပုံ နည်းနာ

*"ကျနော်တို့နယ်မှာ လူနေစိပ်တော့ လုပ်ကိုင်စားဖို့ မြေမရနိုင်ဘူး။ ဒုက္ခသည်တွေ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ချင်ကြတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ပြန်သွားပြီးတဲ့နောက်မှာ စိုက်ဖို့၊ ပျိုးဖို့၊ ရေကလည်းရှား၊ မြေကလည်း လုံလောက်မှာမဟုတ်ဘူး။"*

ကယားအမျိုးသားတစ်ဦး၊ ဒီမောဆိုးမြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ KSWDC တွေ့ဆုံ မေးမြန်းချက်။


TBC သည် အရပ်သားအဖွဲ့အစည်းများနှင့် ပူးပေါင်းလျှက်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်တောရွာ ဒေသများ၏ အခြေအနေကို မှတ်တမ်းပြုခဲ့ပါသည်။ (၂၀၀၂) ခုနှစ်က စ၍၊ နှစ်ပတ်လည် အစီခံစာများသည် မြို့နယ်ပေါင်း (၃၅) မြို့နယ်ကျော်မှ အဓိကကျသော သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်းအားဖြင့် ပြည်တွင်းဒုက္ခသည်များ၏ ပမာဏ၊ နယ်မြေအလိုက် လူဦးရေနှင့်၊ ထူးခြားချက်တို့ကို ခန့်မှန်းဖော်ပြခဲ့သည် အပြင်၊ ကွင်းဆင်း လေ့လာချက်များဖြင့်လည်း နောက်ဆုံးပေါ် အခြေအနေကို ဖော်ပြခဲ့ပါသည်။ (၂၀၁၂) ခုနှစ် အစီရင်ခံစာကလည်း မြို့နယ်ပေါင်း (၂၁) မြို့နယ်ရှိ အိမ်ထောင်စုပေါင်း (၄,၀၀၀) ကျော် အကြိုးဝင်သော ဆင်းရဲမွဲတေမှု (Vulnerability) နှင့် ပတ်သက်၍ စံအဖြင့် သတ်မှတ်ထားသော အခြေခံ ညွှန်ပြကိန်းများကို ဖော်ပြခဲ့သည်။ ယခင်က ဤညွှန်ပြကိန်းများကို ပြည်နယ်/တိုင်းအဆင့် အတွက်သာ ဖော်ပြပြီး၊ မြို့နယ် အဆင့်အထိ ခွဲခြားဖော်ပြနိုင်ခြင်း မရှိချေ။[၅]

ဤနှစ် စစ်တမ်းကောက် လေ့လာချက်က မြို့နယ်ခွဲအဆင့်အထိ ခွဲခြားပေါ်ပြခြင်းအားဖြင့်၊ ထို့အပြင်၊ စစ်ဒဏ်သင့် နယ်မြေ ဒေသများရှိ ကျေးရွာများ၏ လူမှုရေးအကျဉ်း (Village profiles) နှင့်ပတ်သတ်၍ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်း၏ မှတ်တမ်းပြုရန် ကြိုးပမ်းချက်များကို အထောက်အကူပြုပေးခြင်းအားဖြင့် TBC ၏ ယခင် အိမ်ထောင်စု စစ်တမ်းလေ့လာချက်ကို ဖြည့်စွက်ပေးရန် ကြိုးပမ်းပေးထားပါသည်။ ဤဆင်းရဲမွဲတေမှု၊ အိုးအိမ်အခြေပျက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကျေးရွာအဆင့် အကဲဖြတ်ချက် ပုံစံကို မတ်လနှင့် ဧပြီလအတွင်းမှာ အရပ်သား အဖွဲ့အစည်း (၁၁) ဖွဲ့နှင့်၊ ပူးပေါင်း လျှက် ရေးဆွဲခဲ့ပါသည်။ ကဏ္ဍအမျိုးမျိုးနှင့် ပတ်သက်၍ အရှေ့တောင်ပိုင်းမှာ မကြာသေးမီက ပြုလုပ်ခဲ့သော အခြားသော ကျေးရွာအဆင့်အကဲဖြတ်များနှင့် နှိုင်းယှဉ်ရလွယ်အောင်၊ OCHA/ UNICEF/ (Mercy Corps) တို့က ဦးဆောင်သော အဲန်ဂျီအို ညွှန်းပေါင်း အဖွဲ့ တစ်ဖွဲ့တို့ တိုင်ပင်ဆွေးနွေးပြီး ညွှန်ပြကိန်း အချို့ကို စံချိန်အဖြစ်သတ်မှတ်ခဲ့ပါသည်။

စစ်တမ်းကောက် ဒီဇိုင်းပုံစံက အရေအတွက် သဘောဆိုင်ရာ မေးခွန်းစဉ် (quanititative questionnaires) များကို အခြေခံဘဝ တစ်ရပ်တည်မှု အခြေအနေအကြောင်း၊ အပစ်ခတ်ရပ်စဲရေး သဘောတူချက်များ၏ အကျိုးဆက်များအကြောင်း၊ ကာကွယ် စောင့်ရှောက်ရေး ပြဿနာများအကြောင်း ဒုက္ခသည်များ နေရပ်ပြန်ရမည့် အလားအလာနှင့်ပတ်သက်၍ ထင်မြင်ချက်များ အကြောင်း ထွက်ချက်ဆိုချက်များကို ဗီဒီယိုမှတ်တမ်းတင်ခြင်းအားဖြင့် ဖြည့်စွက်ပေးပါသည်။ ကျေးရွာသားများ၏ အမြင်များကို ဗီဒီယိုမှတ်တမ်းတင်ခြင်းသည် အဓိကအားဖြင့် ဒေသသုံး ဘာသာစကားဖြင့် သတင်းအချက်အလက်မျှဝေနည်း တစ်ခုအဖြစ် ဒုက္ခသည်များသို့ ဖြန့်ချိရန်ဖြစ်သည်။ မေးခွန်းစဉ်များ၏ ရလဒ်များကို အဓိပ္ပါယ်ပြန်ဆိုရာ၌ အသုံးပြုရန်လည်း ဖြစ်သည်။ TBC ဝန်ထမ်းများက စစ်တမ်းကောက်ရာ၌ပါဝင်သော အရပ်သားအဖွဲ့အစည်းများမှ ကွင်းဆင်းဝန်ထမ်းများအား စစ်တမ်း ကောက်ယူနည်းများ၊ GPS units၊ အဓိကအုပ်စု ဆွေးနွေးခန်းအတွက် ဦးဆောင်နည်းများ၊ တွေ့ဆုံမေးမြန်းနည်းများ၊ ဗီဒီယို ရိုက်ကူးနည်းများအကြောင်း သင်တန်းပေးခဲ့ပါသည်။

[၅] TBC, 2012, *"Changing Realities, Poverty and Displacement in South East Burma/Myanmar"*

## ပုံ ၁။ (၂၀၁၃) ခုနှစ် ကျေးရွာစစ်တမ်းကောက် နယ်မြေ




| | | |
|---|---|---|
| ရှမ်းပြည်နယ် | မိုင်းပန် | ၁၀ |
| | မိုင်းတုံ | ၇ |
| ကယားပြည်နယ် | ဘောလခဲ | ၄ |
| | ဒီမောဆို | ၇ |
| | ဖာဆောင်း | ၈ |
| | ဖရူဆို | ၁၃ |
| | လွိုင်ကော် | ၃ |
| | မယ်စဲ့ | ၄ |
| | ရှားတော | ၅ |
| ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း | သံတောင် | ၁၅ |
| | ကျောက်ကြီး | ၁၀ |
| | ရွှေကျင် | ၁၀ |
| ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၁၆ |
| | ဖာပွန် | ၂၀ |
| | ကော့ကရိတ် | ၁၄ |
| | ကြာအင်းဆိပ်ကြီး | ၁၁ |
| | မြဝတီ | ၈ |
| မွန်ပြည်နယ် | ရေး | ၉ |
| တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ | ၈ |
| | ရေဖြူ | ၉ |
| | ပုလော | ၈ |
| | ထားဝယ် | ၁၀ |
| စုစုပေါင်း | ၂၂ မြို့နယ် | ၂၀၉ ရွာ |

မြေပုံပြုစုသည့်ရက်စွဲ – ၂၀၁၃ အောက်တိုဘာလ ၁ ရက်
အချက်အလက်ပြုစုသူ – CIDKP, HURFOM, KEG, KESAN, KHRG, KnWO, KORD, KSWDC, KWO, MRDC, SSDF
နယ်နမိတ်အချက်အလက် – MIMU
Projection/Datum: UTM Zone 47N/WGS84

ငြင်းဆိုချက် – ယခုမြေပုံတွင်ပါရှိသည့် အမည်များနှင့် နယ်နမိတ်များသည် TBC မှကိုယ်တိုင်ရေးသွင်းချက်များမဟုတ်ပါ။

စစ်တမ်းကောက်မည့်ကျေးရွာများအတွက် နမူနာ စံကွက်သတ်မှတ်ရာ၌ တိကျမှုမရှိခဲ့ချေ။ အကြောင်းမှာ တိုက်ပွဲဖြစ်ပွားရာ နယ်မြေများရှိ အစိုးရ၏ ကျေးရွာစာရင်းကို အပြည့်အဝ မရနိုင်သောကြောင့် တစ်ကြောင်း၊ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့စည်းများက "သူပုန်"ဟု အခေါ်ခံရသူများ၏ အုပ်ချုပ်ရေးအောက်ရှိ ကျေးရွာအမည်များကို မဖော်ပြလိုသောကြောင့် တစ်ကြောင်းဖြစ်သည်။ အနည်းဆုံးအားဖြင့် မြို့နယ် (၂၀) ထဲတွင် အကြုံးဝင်သော ကျေးရွာများ နိုင်သမျှ များများသို့ သွားရန်နှင့် ကျေးရွာအုပ်စု တစ်စုလျှင် အရေးပါသော ကျေးရွာတစ်ရွာကို စစ်တမ်းကောက်ယူရန် စစ်တမ်းကောက်အဖွဲ့များ အား ညွှန်ကြားခဲ့ပါသည်။ မြေပြန့်နယ်မြေများ၌ စစ်တမ်းကောက်ရမည့် ကျေးရွာတစ်ရွာလျှင် အနည်းဆုံး အားဖြင့် အိမ်ထောင်စု (၅၀) ရှိရမည့်ဖြစ်ပြီး၊ တောင်ပေါ်နယ်မြေများ၌ဆိုလျှင် ကျေးရွာတစ်ရွာလျှင် အိမ်ထောင်စု အနည်းဆုံး (၂၀) ရှိရမည် ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်၊ မကြာသေးမီက ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF နှင့် (Mercy Corps ဦးဆောင်သော) အဲန်ဂျီအို ညွန့်ပေါင်းအဖွဲ့တို့ စစ်တမ်းကောက်ယူသောခဲ့သော ကျေးရွာ စာရင်းတစ်ခုကို စစ်တမ်းကောက်အဖွဲ့များအား ဖြန့်ဝေပေးခဲ့သည်။ အထူးအရေးပါသော ကျေးရွာများ မဟုတ်ပါက ထိုစာရင်းပါ ကျေးရွာများကို စစ်တမ်းမကောက်မိစေရန်ဖြစ်သည်။

အရပ်သား အဖွဲ့အစည်းများက ဇွန်လနှင့် ဇူလိုင်လအတွင်းမှာ ကျေးရွာပေါင်း (၂၀၉) ရွာ၌ အဓိကအုပ်စု ဆွေးနွေးပွဲများ (focus group discussion) ကျင်းပပေးခဲ့သည်။[၆] ဤကျေးရွာများသည် အစိုးရသတ်မှတ်ထားသော ကျေးရွာအုပ်စုပေါင်း (၁၅၅) စုထဲမှာ အကြုံးဝင်သည့် ကျေးရွာများဖြစ်ပြီး၊ ထိုကျေးရွာအုပ်စုရှိဦးရေသည် စစ်တမ်းကောက်ရာ မြို့နယ်ပေါင်း (၂၂) မြို့နယ်ရှိ၊ ကျေးရွာအုပ်စု အားလုံးပေါင်း၏ ၂၂% ဖြစ်သည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၄၂% သည် တောင်ပေါ်ဒေသတွင် တည်ရှိကြသည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ ၃၈% တွင် ပြည်တွင်းဒုက္ခသည်များ ရှိနေကြသည်။ ပုံ (၁) တွင် ကျေးရွာအပေါ် မည်သူတို့၏ နိုင်ငံရေးဩဇာလွှမ်းမိုးကြောင်းကိုလည်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ အတော်များများအပေါ်မှာ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေး တစ်စုံတရာ သက်ရောက်မှုရှိ ကြောင်း ညွှန်ပြနေပါသည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၄၀%သည် ကရင်ပြည်နယ်၊ ၂၁% သည် ကရင်နီ/ကယားပြည်နယ်၊ ၁၉% သည် တနင်္သာရီတိုင်းဒေသကြီးနှင့် ၂၀% သည် ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ဖြစ်သည်။ ဤကျေးရွာများထဲမှ (၁၃) ရွာ (၆%) သာလျှင် UNICEF သို့မဟုတ် Mercy Corps တို့ တစ်ဦးဦးက စစ်တမ်းကောက်ယူပြီးသော ကျေးရွာများ ဖြစ်သည်။ ဤကျေးရွာများအနက် ၁၂ ရွာသည် ကရင်နီ/ကယားပြည်နယ်မှာ တည်ရှိသည်။

အဓိကအုပ်စုများတွင် သတင်းပေးသူစုစုပေါင်း (၂, ၈၅၉) ယောက်ပါဝင်သည်။ ယင်းတို့အနက် ၃၄% သည် အမျိုးသမီးများ ဖြစ်ကြသည်။ အဓိကအုပ်စုမှာ ပါဝင်သော လူဦးရေ၏ ၅၃%သည် သာမန်ကျေးရွာသားများ ဖြစ်သည်။ ၂၅% သည် ကျေးရွာ ခေါင်းဆောင်၊ သို့မဟုတ် ကျေးရွာအုပ်စု ခေါင်းဆောင်များ ဖြစ်သည်။ ၁၇%သည် လူမှုရေးဝန်ဆောင်မှုပေးသူများ (သို့မဟုတ်) ဘာသာရေး ခေါင်းဆောင်များ ဖြစ်သည်။ ၄%သည်အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့များထဲမှ ဖြစ်ပြီး၊ (၁%) သည် နယ်မြေ ဒေသန္တရ အစိုးရအဖွဲ့ထဲမှ ဖြစ်သည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ လူဦးရေ စုစုပေါင်းသည် (၁၂၁,၀၀၀) ရှိသည်။ ကျေးရွာတစ်ရွာ၏ ပျမ်းမျှလူဦးရေသည် (၅၈၃) ဦး ဖြစ်ပြီး၊ အိမ်ထောင်စုတစ်စုရှိ ပျမ်းမျှ လူဦးရေကမူ (၅.၅) ဦး ဖြစ်သည်။

စစ်တမ်းကောက်လေ့လာချက်ကို နယ်မြေသုံး ဘာသာစကားသို့ပြန်ဆိုပြီး စစ်တမ်းကောက်နယ်မြေ၌ မေးခွန်းလွှာနှင့် တကွ ပုံနှိပ်ဖော်ပြခဲ့သည်။ စစ်တမ်းကောက်လုပ်ငန်းတွင် ပါဝင်သော အရပ်သားအဖွဲ့အစည်းများအတွက် Survey Monkey ကို အသုံးပြု၍ Online database တစ်ခုကို ဖွင့်လှစ်ထားခဲ့သည်။ စစ်တမ်းကောက်ရာမှနေ၍ စီမံအုပ်ချုပ်ရေးရုံးများသို့ ပြန်လာသော ဝန်ထမ်းများက ထိုဒေတာဘဏ်တိုက်စနစ်ထဲသို့ အချက်အလက်များကို ထည့်သွင်းရန် ဖြစ်သည်။ ပေါင်းစုထားသော အချက်အလက်များကို TBC အဖွဲ့အစည်း၏ ဝန်ထမ်းများက စနစ်တကျ စီစဉ်ထားရှိပြီး၊ ပိုင်းခြားသုံးသပ်ခဲ့သည်။ လေ့လာတွေ့ရှိချက် မူကြမ်းများကို အဖွဲ့ပေါင်းစုံအစည်းအဝေး၌ အရပ်သားအဖွဲ့အစည်းများက စီစစ်သုံးသပ်ခဲ့ကြသည်။ ထို့နောက် သရုပ်ဖော်အကဲဖြတ်ချက် (narrative assessment) ကို အချောသတ်ခဲ့သည်။

[၆] TBC, 2012, *"Changing Realities, Poverty and Displacement in South East Burma/Myanmar"*

မြန်မာ သတင်းအချက်အလက် စီမံအုပ်ချုပ်ရေးအဖွဲ့ (Myanmar Information Management Unit - MIMU) အဖို့ (အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ယခင်က အသိအမှတ် ပြုထားခြင်း မရှိခဲ့ဖူးသော) ကျေးရွာများအတွက် တည်နေရာ အမှတ်အသားများ Place-Codes (P-Codes) များ ရေးပြနိုင်ရေးအတွက် စစ်တမ်းကောက်ယူခဲ့သော ကျေးရွာတို့၏ လောင်ဂျီတွဒ်နှင့် လတ္တီတွဒ်မျဉ်းများကို (GPS receiver) ဂျီပီအက်စ် တိုင်းတာရေးစက်များဖြင့် မှတ်တမ်းတင်ခဲ့သည်။ ပထဝီဝင်ဆိုင်ရာ ရည်ညွှန်းချက်များသည် (၂၀၁၃) ခုနှစ်အတွင်းက အခြားအဖွဲ့အစည်းများ ပြုစုခဲ့သော ကျေးရွာအခြေပြ အကြောင်းအချက်များ (village profile) များနှင့်ပတ်သက်၍ တစ်ခုအတွက် အခြားတစ်ခုကို ရည်ညွှန်းရာ၌လည်း အထောက်အကူ ပြုနိုင်ပါသည်။ ဤဖြည့်စွက်လုပ်ငန်းများမှ ရရှိသောရလဒ်များကို နှိုင်းယှဉ်ကြည့်နိုင်ရေးအတွက် တစ်ဘက်နှင့် တစ်ဘက် အပြန်အလှန်တုံ့ပြန်မှုရှိသော ဘုံမြေပုံ အညွှန်းပြနေရာ (Common interactive mapping platform) တစ်ခုထား ရှိပေးရန် TBC အဖွဲ့အစည်းက၊ MIMU ကို ဆွေးနွေးတင်ပြထားသည်။ ဤသို့ ဘုံမြေပုံအညွှန်းပြနေရာ ထားရှိခြင်းအားဖြင့် အင်အားပိုကောင်းသော လုပ်နည်းတစ်ရပ်ရရှိကာ၊ ပေါင်းရုံးသုံးသပ်ရာ၌ ကျေးရွာတစ်ရွာချင်းစီမှ အကဲဖြတ်ချက်များ ပျောက်ဆုံးမသွားနိုင်မည် ဖြစ်သည်။

ပိုင်းခြားသုံးသပ်ချက်ကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အခြားအဖွဲ့အစည်းများ၊ မှတ်တမ်းပြုခဲ့သော တွေ့ရှိချက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း မပြုခဲ့ရချေ။ UNICEF ၏ စစ်တမ်းကောက်ယူ လေ့လာချက်ကို (၂၀၁၃) ခုနှစ်၊ မတ်လ အတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိကျေးရွာ (၁၃၁) ရွာတွင် လုပ်ဆောင်ခဲ့သည်။[၇] Mercy Corps အဖွဲ့က ACF, AVSI, CARE နှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပါဝင်သော အဲန်ဂျီအို ညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ကာ၊ ကျေးရွာအဆင့် ကိန်းဂဏန်း အကဲဖြတ်ချက် (၁၁၁) ချက်နှင့် အရည်အချင်း အကဲဖြတ်ချက် (၅၃) ချက်ပါဝင်သော၊ ကရင်နီပြည်နယ်အတွင်း လူမှုစီးပွားရေး ပိုင်းခြားသုံးသပ်ချက် တစ်ရပ်အတွက် ကူညီပံ့ပိုးပေခဲ့သည်။[၈] UNICEF က (၂၀၁၃) ခုနှစ်၊ ဧပြီနှင့် မေလအတွင်း၌ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြုစုခဲ့သော ကျေးရွာအခြေပြု အကြောင်းအချက် လေ့လာမှု (၇၀၂) ခုကို အကျဉ်းချုပ်ခဲ့သည်။[၉] (၂၀၁၃) ခုနှစ်အတွင်း ပြုစုခဲ့သော စစ်တမ်းကောက်ယူလေ့လာချက်များကို စံချိန်အဖြစ် သတ်မှတ်ရန် ကြိုးပမ်းခဲ့သော်လည်း အစီရင်ခံစာပြုစုပုံ နည်းစနစ် တစ်ခုနှင့် တစ်ခုအကြားမှာ ကွဲပြားခြားနားမှုများရှိနေခြင်း ကြောင့် သိသာထင်ရှားသော နှိုင်းယှဉ်သုံးသပ်မှုများလုပ်ရန် အခက်အခဲ ရှိနိုင်ပါသည်။

ဤစစ်တမ်းကောက်လေ့လာမှုအဖို့ အဓိကအားဖြင့် အခက်အခဲဖြစ်စေသော အချက်ကား နမူနာစံကွက် သတ်မှတ်နည်း ဖေါ်ထုတ်ရေးအတွက် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများရှိ ကျေးရွာစာရင်းကို အပြည့်အဝ မရရှိခြင်းပင်ဖြစ်သည်။ ထို့အပြင် ကျေးရွာအုပ်စုတစ်ခုနှင့် တစ်ခုအကြား၊ မြို့နယ်ခွဲ တစ်ခုနှင့် တစ်ခုအကြား၊ နယ်မြေပိုင်းခြား သတ်မှတ်ချက်နှင့်ပတ်သက်၍ ဘုံတူညီသော နားလည်မှု မရှိခဲ့ချေ။ ကျေးရွာသားများနှင့် အရပ်သားအဖွဲ့အစည်းတို့သည် ဗဟိုအစိုးရ၏ နယ်မြေပိုင်ခြား သတ်မှတ်ချက်ထက်၊ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ၏ ပိုင်းခြားသတ်မှတ်ချက်နှင့် ပို၍အကျွမ်းတဝင် ရှိကြသည်။ သို့ဖြစ်ရာ ကျေးရွာအုပ်စု တစ်စုအတွင်း မည်သည့်ကျေးရွာက အရေးပါဆုံးဖြစ်သည် ဆိုခြင်းကို ဆုံးဖြတ်ရန် အလွန်ခက်သည်။ ထို့အပြင်၊ ကျေးရွာအုပ်စု တစ်စုအတွင်းမှာ ကျေးရွာတစ်ရွာထက် ပို၍ စစ်တမ်း ကောက်မိသည်များလည်း ရှိခဲ့သည်။ ကျေးရွာအဆင့်မှာ သတင်းအချက်အလက် ပိုမိုရရှိရေးအတွက် ဆုံးဖြတ်ခဲ့ခြင်းကြောင့်လည်း စစ်တမ်းကောက်ယူခဲ့သော မြို့နယ်အရေအတွက် လျော့နည်းခဲ့ရသည်။ အကျိုးဆက်အနေနှင့်၊ TBC နှင့် လုပ်ငန်းတူ မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြည်တွင်းဒုက္ခသည် ဦးရေနှင့် နယ်မြေဒေသအလိုက် ဖြန့်ခွဲတည်ရှိနေမှုတို့နှင့်ပတ်သက်၍ ခြုံငုံခန့်မှန်းချက်များ မတင်ပြနိုင်တော့ချေ။ (၁၀) နှစ်ကျော်ကာလ အတွင်း၌ TBC နှင့် လုပ်ငန်းတူ မိတ်ဖက်အဖွဲ့အစည်းများသည် မြို့နယ် (၃၅) မြို့နယ်ကျော်အတွင်းမှ အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်းအားဖြင့် ဤခန့်မှန်းချက်များကို နှစ်စဉ်ပြန်လည် ဆန်းသစ်ခဲ့သည်။ ယခုနှစ် စစ်တမ်းကောက်ယူလေ့လာမှုတွင် မြို့နယ် (၂၂) မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၏ ၂၄% ရှိသော ကျေးရွာအုပ်စုများထဲမှ အဓိကကျေးရွာများသာလျှင် အကြုံးဝင်သောကြောင့်၊ ဤသို့ပြန်လည် ဆန်းသစ်ရန် မဖြစ်နိုင်တော့ချေ။

[၇] UNICEF, June 2013, Initial Rapid Assessment of Selected IDP Settlements in Kayin and Tanintharyi, Myanmar, DRAFT

[၈] Mercy Corps, forthcoming, Kayah State Socio-Economic Analysis

[၉] UNHCR, September 2013, South East Myanmar: A Report on Village Profiles 2008-2012

ကျေးရွာအဆင့် အကဲဖြတ်ချက်များသည် အများအားဖြင့် အလျှင်အမြန် အကဲဖြတ်ချက်များအတွက် လုပ်ခြင်းဖြစ်သည် ဟူသော အချက်နှင့်၊ ယင်းတို့သည် ကျား–မ ပိုင်းခြား သုံးသပ်မှုထက်စာလျှင်၊ အိမ်ထောင်စုများအပေါ်တွင်သာ အလေးထား စစ်တမ်းကောက်ယူမှု ပြုခဲ့သည်ကို သတိပြုရန် လိုပါသည်။ စစ်တမ်းကောက်ယူမှု ၁၀% ခန့်တွင် ကွင်းဆင်းဝန်ထမ်းများမှာ အဓိက အုပ်စုဆွေးနွေးပွဲများ ဦးစီးကျင်းပမှုနှင့် ပတ်သက်၍ အတွေ့အကြုံမရှိခဲ့ခြင်းကြောင့်လည်း၊ ဤအားနည်းချက်ကို ပို၍ ဆိုးရွားစေခဲ့သည်။ သို့ဖြစ်ရာ၊ ဤအစီရင်ခံစာပါ လေ့လာတွေ့ရှိချက်များကို (၂၀၁၂) ခုနှစ် အတွင်းက ထုတ်ထုတ်ဝေခဲ့သော အိမ်ထောင်စု ဆင်းရဲမွဲတေမှု စစ်တမ်းကောက်ယူ လေ့လာချက်အတွက် ဖြည့်စွက်ချက် အဖြစ်သဘောထားသင့်ပါသည်။

အခန်း (၂)

# ဆင်းရဲမွဲတေမှု

ကရင်ပညာရေးစနစ်အောက် ကျောင်းသူ၊သားများ၊ သံတောင်ကြီးမြို့နယ်၊ ၂၀၁၂။ CIDKP



သောက်သုံးရေစနစ်၊ ရေးမြို့နယ်၊ ၂၀၁၂။ MRDC




## ၂။ ၁။ ခရီးသွားလာနိုင်မှု

> *"အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရပြီးနောက်ပိုင်းမှာ၊ အာဏာပိုင်တွေ ကျနော်တို့ရွာကိုလာပြီး၊ မှတ်ပုံတင်ကဒ်ပြားတွေ ထုတ်ပေးတော့၊ ကျနော်တို့အဖို့ မြို့ကိုသွားဖို့ အဆင်ပိုပြေသွားတာပေါ့။ မှတ်ပုံတင်ကဒ်ပြား မရှိဘဲနဲ့တောင်၊ အစစ်အဆေးမရှိ တော့ဘူး။"*
>
> မွန်အမျိုးသား တစ်ဦး၊ ရေးမြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ MRDC တွေ့ဆုံမေးမြန်းချက်။

ဆယ်ခုနှစ်များနှင့်ချီ၍ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းနှင့် အစိုးရ၏ လျစ်လျူရှုထားခဲ့ခြင်းတို့ကြောင့် လူမျိုးစု တိုင်းရင်းသားနယ်မြေများထဲမှာ မြေလမ်းနှင့် တစ်ယောက်သွားသာရှိ လမ်းကြမ်းများသာ ရှိခဲ့သည်။ သို့အတွက်ကြောင့် ကျေးလက်ဖွံ့ဖြိုးရေးကို အဟန့်အတား ဖြစ်စေခဲ့သလို၊ မြန်မာစစ်တပ် ဝင်ရောက်တပ်ချခြင်းကိုလည်း တစ်နည်းတစ်ဖုံ အဟန့်အတားပြုခဲ့သည်။ သို့ရာတွင်၊ ပဏာမ အပစ်အခတ်ရပ်စဲမှုများ၊ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ဒေသတွင်း စီးပွားရေး စနစ်ထဲသို့ ပေါင်းစပ်ပါဝင်မည့် အလားအလာတို့ကြောင့် နယ်စပ်ဖြတ် ကုန်သွယ်ရေးလမ်းကြောင်းနှင့် သယံဇာတထုတ် တူးဖော်ရေးလုပ်ငန်း၊ အခြားလုပ်ငန်းများအတွက် ရင်းနှီး မြှုပ်နှံမှုတို့ကို အဆင်ချောမွေ့စေရန်အတွက် လမ်းနှင့် အခြေခံအဆောက်အအုံများ အဆင့်မြင့်လာစေရေးတို့အပေါ် စိတ်ဝင်စားမှု တိုးလာခဲ့သည်။ ဤအချက်ကြောင့် အဆက်အသွယ်နှင့် နယ်မြေတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုကောင်းမွန်လာဖွယ်ရှိသည်။ သို့ရာတွင်၊ စည်းမျဉ်းဥပဒေဖြင့် ထိန်းချုပ်ထားခြင်း မရှိသော ပတ်ဝန်းကျင်၌ ခရီးသွားလာရေး ပိုမိုတိုးတက်ကောင်းမွန်လာခြင်းကြောင့် မြေသိမ်းယူမှုများ ပို၍ဆိုးရွားလာနိုင်သည့် အပြင်၊ ဆင်ရဲချမ်းသာ ကွာဟမှု ပိုမိုပြင်းထန်လာပြီး၊ ဝမ်းစာရရှိစိုက်ပျိုးသော လယ်သမားများအဖို့ ထိခိုက်နစ်နာနိုင်စေပါသည်။[၁၀]

စစ်တမ်းကောက်သော ကျေးရွာအများစုသည် အနီးဆုံးမြို့များနှင့် ဈေးကွက်များသို့ အဓိကအားဖြင့် မော်တော်ဆိုင်ကယ် ခရီး၊ ခြေလျင်ခရီးတို့ဖြင့် သွားလာနိုင်ကြသည်။ အများအားဖြင့် ခြေလျင်ခရီးဖြင့်သာ သွားလာနိုင်ကြသော ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ကရင်နီ/ကယားပြည်နယ်တို့၏ တောင်ကုန်းဒေသများတွင် အခြေခံအဆောက်အအုံ အထူးချို့တဲ့ပုံကို ပုံ (၂) က ဖော်ပြနေပါသည်။

ပုံ ၂။ အဓိက ခရီးသွားလာခဲ့သော နည်းနာ





[၁၀] Transnational Institute & Burma Centre Netherlands, February 2013, "Developing Disparity: Regional Investment in Burma's Borderlands", www.tni.org/work-area/burma-project

တရုတ်လုပ်ဆိုင်ကယ်များကို ကျေးလက်တောရွာများက ဝယ်ယူနိုင် ကြပုံနှင့်၊ တတ်နိုင်ကြပုံသည် မြေပြန့်အရပ်များတွင် သိသာသည်။ ကျေးရွာများ၏ ၅% ကသာလျှင် ကား၊ သို့မဟုတ် ကုန်တင်ကားကို အဓိကသယ်ယူ ပို့ဆောင်ရေးယာဉ်အဖြစ် ဖော်ပြကြသည်။ ခြောက်သွေ့ရာသီမှာပင်လျှင် ကျေးလက်ဒေသလမ်းများ၏ အခြေအနေဆိုးရွားပုံကို ညွှန်ပြနေသည့် သဘောဖြစ်သည်။ လှေကိုလည်းအဓိက သယ်ယူပို့ဆောင်ရေးယာဉ်အဖြင့် ကျေးရွာများ၏ ၅% က ဖော်ပြကြသည်။ ဈေးကွက်သို့ သွားလာရေးအတွက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် မြစ်ချောင်းများ အရေးပါနေသည့် သဘောပင်ဖြစ်သည်။

ပုံ (၃) မှာ ဖော်ပြထားသည့် အတိုင်းပင်၊ အဓိကသယ်ယူပို့ဆောင်ရေး နည်းလမ်းဖြင့် အနီးဆုံး မြို့သို့ (၃) နာရီ ကျော်ကျော် သွားကြရသည်ဟု ကျေးရွာများ၏ ၂၈% က ဖော်ပြကြသည်။ ညမထွက်ရ အမိန့်ထုတ်ခြင်းနှင့် ညခရီး သွားလာမှုကို ချုပ်ချယ်ကန့်သတ်ခြင်းတို့သည် ရေရှည်ပြည်တွင်းစစ်ကာလ တစ်လျှောက်လုံးမှာ ဈေးကွက်သို့ သွားလာရေးတွင် အဓိက အဟန့်အတားတစ်ခုဖြစ်သည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိခြင်း၏ အဓိကကျသော အကျိုးကျေးဇူး တစ်ခုမှာ အရပ်သားများအဖို့ သွားလာခွင့် အကြီးအကျယ် ပိုရှိလာခြင်းပင်ဖြစ်သည်။

ပုံ ၃။ အနီးဆုံးမြို့သို့ အရောက်သွားရန်ကြာချိန်



## ၂။ ၂။ နေအိမ် (အမိုးအကာ ရရှိနိုင်မှု)

*“ဒုက္ခသည်တွေ ဒီကိုပြန်လာနေချင်တယ် ဆိုရင်၊ ကျုပ်က လိုလိုလားလားပဲ နေရာထိုင်ခင်းပေးပါ့မယ်။ ဒါပေမယ့်၊ ငြိမ်းချမ်းရေး ကိစ္စက တည်ငြိမ်သေးတာ မဟုတ်ဘူး။ ဒီတော့၊ ကျုပ်က သူတို့ကို ဒုက္ခသည် စခန်း တွေမှာပဲ နေစေချင်တယ်။ ကျုပ်က တော့သူတို့ကို ‘ပြန်လာပါ’ လို့လည်း မပြောချင်ဘူး၊ ‘အဲဒီမှာပဲနေ’ လို့လည်းမပြောချင်ဘူး။”*


ကရင်ဘုန်းကြီး တစ်ပါး၊ ဖာပွန်မြို့နယ်၊ မေလ (၂၀၁၃) ခုနှစ်၊ KESAN နှင့် KHRG တွေ့ဆုံမေးမြန်းချက်။

အစိုးရ၏ ကိန်းဂဏာန်းများအရဆိုလျှင် နိုင်ငံတစ်ဝှမ်းလုံးရှိ ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၂% မှာ လုံလောက်သော နေအိမ် ရှိနေကြသည်။[၁၁] သို့ရာတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက် ဒေသများအတွင်း TBC ၏ စစ်တမ်းကောက်ယူ လေ့လာချက်များက ၂၀% မျှသာ ရှိသည်ဟု ဖော်ပြထားသည်။[၁၂] ဤအချက်သည် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများတွင် လုံခြုံမှု ကင်းမဲ့ပြီး၊ အိုးအိမ် အခြေပျက်နေသော အိမ်ထောင်စုများ၏ အနေအထားကို ထင်ဟပ် ပြနေပါသည်။ ထိုအိမ်ထောင်စုများသည် စစ်တပ်၏ ထိုးစစ်ရန်ကို ခုခံရေးအတွက် ဖြေရှင်းရေးမဟာဗျူဟာတစ်ရပ်ကို ကျင့်သုံးသည့် အနေဖြင့် တာရှည်ခံသော အိမ်များ ဆောက်မည့်အစား၊ ယာယီတဲ (၂) လုံး ၊ (၃) လုံးဆောက်ထားကြသည်။

ရေရှည် ပြည်တွင်းစစ်နှင့် နေရပ်ရင်းစွန့်ခွာ ထွက်ပြေးရမှုတို့ကို စဉ်စား ကြည့်လိုက်လျှင်၊ နိုင်ငံရေးအရ ပြဿနာကို ဖြေရှင်းနိုင်အောင် အားပေးခြင်းမရှိဘဲ၊ နေအိမ်ဆောက်လုပ်ရေး အကူအညီကို ပစ်မှတ် ထားခြင်းသည် ဆောက်လုပ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ အတွက် အထူးအခက်အခဲ တွေ့စေပါသည်။ အိမ်ဆောက်ပြီးလျှင် မြေသိမ်းခံရ၊ နေရာရွှေ့ပြောင်းခိုင်းခံရစရာရှိပြီး၊ အိမ်ဆောက်ပစ္စည်းများ ဆုံးရှုံးဖွယ်ရှိသည်ဟူသော အချက်ကြောင့် နေအိမ်များကို ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရပ်ရွာပိုင် အဆောက်အအုံများနှင့် ဝေးရာမှာ တည်ဆောက်ထားကြခြင်းဖြစ်သည်ဟု ယူဆရသည်။

ပုံ (၄) တွင် (၂၀၁၃) ခုနှစ်အတွင်းက TBC ၏ လုပ်ငန်းတွင် ဆက်စပ် ပါဝင်သူများ မှတ်တမ်းပြုခဲ့သော အဓိကနေအိမ် အမျိုးအစားကို ဖော်ပြထားပါသည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၅၇% တွင် အိမ်ထောင်စုများသည် အများအားဖြင့် ဝါးအိမ်များဖြင့် နေထိုင် ကြသည်။ နယ်စပ်တစ်လျှောက်ရှိ နယ်မြေများတွင် ယာယီအိမ်များဖြင့်

ပုံ ၄။ အဓိက နေအိမ် (အမိုးအကာ) အမျိုးအစား




[၁၁] IHLCA, 2011, Integrated Household Living Conditions Survey in Myanmar (2009-10): Poverty Profile, Ministry of National Planning and Economic Development, UNDP and UNICEF, Yangon, page 62

[၁၂] TBC, 2012, “Changing Realities, Poverty and Displacement in South East Burma/Myanmar”, page 42

နေထိုင်ကြ သည်ကို သိသိသာ သာ မြင်တွေ့ရသည်။ ကျေးရွာအခြေပြု အကြောင်းအချက်များ ပြုစုခြင်းခံရသောကျေးရွာများ၏ ၃၃% တွင် ပို၍တာရှည်ခံသော အိမ်များကို တွေ့ရသည်။ ထိုကျေးရွာများ၌ အိမ်ထောင်စုအများစုသည် သစ်ထုတ်၊ ယောက်၊ ဒိုင်း၊ မျှားတို့ဖြင့် ဆောက်လုပ်ထားသော အိမ်များဖြင့် နေထိုင်လျှက်ရှိကြသည်။

ကြံ့ခိုင်တောင့်တင်းသောအိမ်များ ဆောက်လုပ်ထားရာ ကျေးရွာများ၌ အများအားဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ကြောင်း တွေ့ရသည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၇၄% က လျှပ်စစ်မီး မရှိကြောင်း ဖော်ပြသည်။ ကျေးရွာ ၂၁% မှ လူအများစုကမူ တစ်နေ့လျှင် (၄) နာရီနီးပါးခန့် လျှပ်စစ်မီး ရရှိကြသည်။

သို့ရာတွင် လျှပ်စစ်မီးကို အဓိကအားဖြင့် ပုဂ္ဂလိကပိုင်မီးစက်များက ထုတ်လွှတ်ပေးခြင်း ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးရွာများ၏ ၄% သာလျှင်၊ နိုင်ငံအဆင့် လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် အဆက်အသွယ်ရှိကြောင်း ဤစစ်တမ်းကောက်ယူ လေ့လာမှုအရ တွေ့ရှိရသည်။ ဤအချက်သည် ကရင်နီ/ကယားပြည်နယ်တွင် အထူးသဖြင့် မမျှတဟု ခံစားရစေသော ကိစ္စဖြစ်သည်။ ဤပြည်နယ်ရှိ လောပိတ ရေအားလျှပ်စစ် ဓာတ်အားစက်ရုံက အမျိုးသား လျှပ်စစ်ဓာတ်အား ကွန်ရက်သို့ လျှပ်စစ်ဓာတ်အား ပေးခဲ့သည်မှာ ရာစုနှစ်တစ်ဝက် ရှိခဲ့ပြီးဖြစ်သော်လည်း၊ နယ်မြေခံ ကျေးရွာလူထုများကမူ ဖယောင်တိုင်းမီးကိုသာ အားထားနေကြရသည်။ မွန်ကျေးရွာများထဲမှာလည်း အများပြောစရာ ကိစ္စတစ်ခုရှိခဲ့သည်။ (၁၉၉၅) ခုနှစ် အပစ်အခတ်ရပ်စဲရေးနှင့် မွန်ဒုက္ခသည်များ နေရပ်ပြန်ရခြင်းသည် ကပ္ပလီပင်လယ်မှ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ရေးအကျိုးစီးပွားကြောင့် ဖြစ်ရသည်ဟုဆိုကြသည်။

## ၂။ ၃။ ရေနှင့် ကျန်းမာသန့်ရှင်းရေး


> *"တောင်ပေါ်ကနေ ကျမတို့ ရေရပါတယ်။ ဒါပေမဲ့ကျမတို့ရေပိုက်တွေက ပလပ်စတစ်ပိုက်တွေဆိုတော့ တောမီးကြောင့်ပဲဖြစ်ဖြစ် တိရိစ္ဆာန်ကြောင့်ပဲဖြစ်ဖြစ် ပျက်စီးလွယ်တာပေါ့။ ရေပြတ်တာကလည်း အခုပိုမိုပြီး အဖြစ်များလာတယ်။ သစ်ပင်တွေကလည်း ကုန်သလောက် ဖြစ်သွားပြီလေ။"*
>
> ကယားအမျိုးသမီးတစ်ဦး၊ မဲစက်မြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ KSWDC တွေ့ဆုံမေးမြန်းချက်။

ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သော ရေမှတဆင့် ကူးစက်ရောဂါများ ထူပြောခြင်းသည် သန့်ရှင်းသောရေ၊ ကျန်းမာရေးနှင့် ညီညွတ်သောအိမ်သာ၊ အညစ်အကြေး စွန့်ပစ်မှုစနစ်တို့ ချို့တဲ့ခြင်းနှင့် အများအားဖြင့် ဆက်စပ်ပတ်သက်နေလေ့ရှိသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများတွင် စစ်တမ်းကောက်ယူ လေ့လာခဲ့သော အိမ်ထောင်စုများက ညွှန်ပြခဲ့သည်ကား မိသားစုများ၏ ၂၇% သာလျှင် လုံခြုံအဖုံးအကာရှိသော ရေကို ရရှိနိုင်ကြကြောင်းနှင့် ၅၀% သာလျှင် ရေလောင်းအိမ်သာ၊ သို့မဟုတ် ယင်လုံအိမ်သာကို အသုံးပြုကြကြောင်းတို့ ဖြစ်သည်။[၃၃]

ကျေးရွာအဆင့်စစ်တမ်းကောက်ယူ လေ့လာရာ၌လည်း အလားတူ ရလဒ်များကို တွေ့ရှိခဲ့သည်။ ကျေးရွာများ၏ ၆၅% သည် လက်ယက်တွင်း၊ မြစ်ချောင်းများနှင့် အကာအရံမဲ့ စမ်းရေတွင်းကဲ့သို့သော၊ ကာကွယ်ဖုံးအုပ်ထားမှုမရှိသော နေရာများမှ ရေကို သုံးစွဲကြသည်ဟု ဖော်ပြကြသည်။ သို့ရာတွင်၊ တောင်ကုန်းဒေသများရှိ သဘာဝ စမ်းရေတွင်းများနှင့် စမ်းချောင်းများသည် လောလောဆယ်ကာလ၌ ညစ်ညမ်းမှု အတန်အသင့် နည်းနိုင်ပါသည်။ ကျေးရွာ ၂၈% ရှိ အိမ်ထောင်စု အများစုသည် အဝီစိတွင်း၊ မိုးရေလှောင်ကန်၊ ပိုက်သွယ်ရေ ကဲ့သို့သော ကာကွယ်ဖုံးအုပ်ထားမှုရှိသည့် ရေကို သုံးစွဲကြကြောင်း တွေ့ရှိရသည်။

တိုက်ပွဲဖြစ်ပွားရာ နယ်မြေများထဲသို့ သတ္တုတူးဖော်ခြင်းနှင့် သစ်ခုတ်ခြင်းလုပ်ငန်းများကြောင်းဖြစ်ပွားသော ညစ်ညမ်းမှုများ ချဲ့ထွင်ဝင်ရောက်လာခဲ့ခြင်းကြောင့်၊ အိမ်ထောင်စုများ၏ ရေသန့်ရှင်းအောင်လုပ်သော အလေ့အကျင့်များသည် ပို၍ အရေးကြီးလာလိမ့်မည်ဖြစ်သည်။ ရေကိုကျိုချက်ခြင်းသည် ယခုလောလောဆယ်၌ ရေသန့်ရှင်းအောင်လုပ်သော အဓိကနည်းလမ်း ဖြစ်သည်ဟု ကျေးရွာ ၄၃% ကဖော်ပြခဲ့သည်။ ကျေးရွာ ၂၆% ကမူ အနည်းအမှုန်

ပုံ ၅။ လူတစ်ဦးလျှင် ယင်လုံအိမ်သာ ရှိမှုနှုန်း




[၃၃] TBC, 2012, "Changing Realities, Poverty and Displacement in South East Burma/Myanmar", pages 41-42

မပါအောင် ရေကို အဝတ် ရေစစ်ဖြင့် စစ်ပြီး သောက်ကြသည်ဟု ဖော်ပြခဲ့ကြသည်။ အလုံးစုံကို ခြုံငုံ၍ပိုင်းခြားသုံးသပ်လိုက်သော်၊ တောင်ပေါ်ဒေသရှိ ကျေးရွာများသည် အများအားဖြင့် ရေကိုကျိုချက်၍ သောက်လေ့ရှိကြကြောင်း၊ မြေပြန့်ကျေးရွာများက အဝတ်ရေစစ်ဖြင့် စစ်၍ သောက်ကြကြောင်း၊ သို့မဟုတ်သန့်ရှင်းအောင် လုံးဝမလုပ်ဘဲသောက်ကြကြောင်း တွေ့ရှိရသည်။


ကျန်းမာသန့်ရှင်းရေးစနစ် (sanitation) အရဆိုလျှင်၊ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၂၇% မှာ ယင်လုံ အိမ်သာများ မရှိကြကြောင်း၊ ကျေးရွာ ၂၉% တွင် ပျမ်းမျှလူ (၂၀) ဦးလျှင် ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာ တစ်လုံးကို သုံးစွဲကြကြောင်း ပုံ (၅) က ဖော်ပြထားသည်။ လယ်ကွင်းထဲ၊ တောထဲမှာ မစင်စွန့်ခြင်းသည် ရပ်ရွာဓလေ့ဖြစ်နေပြီး၊ ညံ့ဖျင်းသော အညစ်အကြေးစွန့် အလေ့အကျင့်ကို ပို၍ယေဘုယျကျကျ ထင်ဟပ်ပြနေခြင်းဖြစ်သည်။ ကျေးရွာများ၏ ၂% ကသာလျှင် အမှိုက်စွန့်ပစ်ရန် အများသုံးအမှိုက်ပုံ ထားရှိကြောင်း ဖော်ပြခဲ့သည်။ ကျန်းမာသန့်ရှင်းရေး အဆင့်အတန်း မြှင့်တင်ရေးအတွက် ပြည်သူ့ကျန်းမာရေး အသိပညာပေး လှုပ်ရှားမှုများ၏အရေးပါပုံကို ဤလေ့လာတွေ့ရှိချက်များက အထင်အရှား ပြသနေပါသည်။ လူမျိုးစု တိုင်းရင်းသားကျေးရွာများသို့ အပြုအမူ ပြောင်းလဲရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများလာရောက်ရန်လိုပါသည်။ တိုက်ပွဲဖြစ်ပွားရာ တောင်တန်းဒေသ နယ်မြေများတွင် ရေကိုကျိုချက်သောက်သူဦးရေ အတော်အတန်များသည်ဟူသော အချက်က ဖော်ပြနေသည်ကား၊ လူမျိုးစု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ ကျန်းမာရေးလုပ်သားများသည် ဤလူထုပညာရေးမျိုးကို ဦးဆောင်ရာ၌ အခရာကျသူများဖြစ်သည် ဟူသောအချက်ပင် ဖြစ်သည်။

# ၂။ ၄။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများနှင့် ရိက္ခာလုံခြုံရေး

*"စိုက်ပျိုးရေး ကုမ္ပဏီတွေနဲ့ သတ္တုတွင်းကုမ္ပဏီတွေ ကျမတို့ နယ်မြေထဲလာမှာကို ကျမတို့ တွေးပူနေကြတယ်။ သူတို့ လာရင် ကျမတို့မြေတွေကို သိမ်းယူမှာ၊ ကျမတို့စားဝတ် နေရေး ပိုခက်လာမှာ သေချာပါတယ်။"*

ကရင် အမျိုးသမီးတစ်ဦး၊ တနင်္သာရီမြို့နယ်၊
ဇွန်လ (၂၀၁၃) ခုနှစ်၊ CIDKP တွေ့ဆုံမေးမြန်းချက်။

ပုံ ၆။ စိုက်ပျိုးမြေရရှိမှု (မြေပုံ)





မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖော်ပြရမည်ဆိုလျှင် ဝမ်းစာရှာသန် နိုင်ရုံ စိုက်ပျိုးရေးစနစ်၊ ဈေးကွက်ထဲသို့ ဝင်ရောက်ပေါင်းစပ်မှုနည်းပါး သည့် အခြေအနေ၊ နယ်မြေအာဏာ ပိုင်များနှင့် လယ်သမားများ (သို့မဟုတ် အလုပ်လုပ်သူများ) အကြား ဆက်ဆံရေးသည် အမြတ် ထုတ်သွေးစုပ်သော ဆက်ဆံရေးစသည့် သရုပ်သကန်များကို ဖော်ပြ နေပါသည်။ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ကြောင့် တိုက်ပွဲဖြစ်ပွားမှုနှင့် စစ်တပ်တိုက်ကင်းလှည့်မှုများ နည်းပါးသွားခဲ့ရာ၊ လယ်ယာမြေ လုပ်ငန်းခွင်ထဲသို့ ယခင်ကထက် ပို၍ဝင်ရောက်လုပ်ကိုင် နိုင်ခဲ့ကြပါသည်။ သို့သော်လည်း တိုက်ပွဲ ဖြစ်ပွားရာနယ်မြေများရှိ တပ်များကို ရုပ်သိမ်းမှု မရှိသေးခြင်း၊ သို့မဟုတ် မြေမြုပ်မိုင်းများကို နေရာသတ်မှတ် ဖော်ပြခြင်းအဆင့်ထိ တိုင် ယုံကြည်မှုတည်ဆောက်နိုင်သည့်အဆင့် မရောက်ရှိသေးချေ။ အိမ်ထောင်စုများ၏ ၅၉% သည် ဆင်းရဲမွဲတေနေကြပြီး၊ အတော်များ များမှာ ရိက္ခာလုံခြုံမှု အလုံအလောက်မရှိကြကြောင်း TBC ၏ ယခင် စစ်တမ်းကောက်ယူလေ့လာချက်ထဲအရ ဖော်ပြခဲ့ဖူးပါသည်။[၁၄]

ကျေးရွာအဆင့် ဆန်းစစ်အကဲဖြတ်ချက်က အရှေ့တောင်ပိုင်းဒေသ တွင် စိုက်ပျိုးသော သီးနှံများနှင့် မွေးမြူသော တိရစ္ဆာန် အမျိုးအစား များကို ဖော်ထုတ်ပြခဲ့သည်။ (ပုံ (၇) မှာဖော်ပြထားသည်)။ သီးနှံ အထွက်နှုန်းနိမ့်ခြင်းသည် လယ်လုပ်ကရိယာ၊ ရေသွယ်ရေနုတ် မြောင်းတို့ ချို့တဲ့ခြင်းနှင့် ပတ်သက်ပါသည်။ လယ်လုပ် ကရိယာ ချို့တဲ့ခြင်းကြောင့် ကာယလုပ်အား၊ ပေါက်တူးနှင့် တောခုတ်ဓားတို့ ကိုသာ အားထားကာ၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးကြရသည်။ သို့ရာတွင် ပလပ်ထားသော မြေဖုန်းဆိုးတောကို မြေဩဇာ ပြန်ဖြည့် ပေးနိုင်အောင် (၄) နှစ်မှ (၇) နှစ်တစ်ကြိမ် အလှည့်ကျစိုက်ပျိုးကြရာ၊ မြေယာအလုံအလောက်ရှိမည်ဆိုလျှင် ဝမ်းစာရအောင် လုပ်ကိုင် စားသောက်နိုင်ပါသည်။


[၁၄] TBC, 2012, "Changing Realities, Poverty and Displacement in South East Burma/Myanmar", pages 19, 54-55

### ပုံ ၇။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ




မြေပြန့်ရှိ လယ်သမားများအဖို့ နှစ်စဉ်ဝမ်းစာ ရရှိအောင် စိုက်ပျိုးမည်ဆိုလျှင်၊ အနည်းဆုံးမြေ (၂) ဧက လိုအပ်မည်ဖြစ်သည်။[၁၅] သို့ရာတွင်၊ ဝမ်းစာစိုက်ပျိုးရေးအတွက် ဤမျှမြေယာပမာဏရှိသော အိမ်ထောင်စုများသည် ၃၀% ပင် မပြည့်တတ်ချေ။ ဤဖော်ပြချက်တွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများ၏ လိုအပ်ချက်ကိစ္စများ မပါဝင်ချေ။ ဖာပွန်မြို့နယ်တွင် ပတ်ဝန်းကျင် မြို့နယ်များမှ အိုးအိမ်အခြေပျက်ခဲ့သူများ အစုလိုက်အပြုံလိုက် ဝင်ရောက်လာခဲ့ခြင်းကြောင့် စိုက်ပျိုးမြေရရှိရေးသည် အထူးပင် ခက်ခဲလာနေသည်။

### ပုံ ၈။ စိုက်ပျိုးမြေရရှိမှု (ဇယား)





ရေကြီးခြင်း၊ အချိန်အခါ မဟုတ်ဘဲ မိုးရွာခြင်း၊ ကြွက် သို့မဟုတ် သီးနှံဖျက်ပိုးကျခြင်း ကဲ့သို့သော သဘာဝကပ်ဘေးများသည် လွန်ခဲ့သော (၁၂) လအတွင်းမှာ အသက်မွေးဝမ်းကျောင်းမှုကို အကြီးအကျယ် အဟန့်အတားပြုသော သဘာဝဘေးများဖြစ်သည်ဟု စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများ၏ ၇၀%ကျော်က ဖော်ပြခဲ့သည်။ ပုံ (၉) က ကျေးရွာ အသီးသီးအတွက် အဓိက သက်မွေးဝမ်းကျောင်း အဟန့်အတားများကို ပထဝီနေရာအလိုက် ခွဲခြားဖော်ပြထားပါသည်။ ဖာပွန်မြို့နယ်အတွင်း၌မူ မြေမြုပ်မိုင်း၏ အကျိုးဆက်များသည် အဓိကပြဿနာဖြစ်သည်။ စစ်တပ်တိုက်ကင်းများ၏ ရန်ကိုကြောက်၍ ပုန်းနေရသော လယ်သမားများ၏ လယ်ယာများတွင် ကြွက်နှင့် ပိုးကျရောက်ခြင်း၊ လူဦးရေ တိုးပွားလာမှုကြောင့် စိုက်ပျိုးရေးအပေါ် ပို၍ အားစိုက် လုပ်ကိုင်လာရခြင်း၊ မြေယာရရှိအတွက် အလုအယက် ကြိုးပမ်းနေရခြင်းတို့သည် အပြန်အလှန် ဆက်စပ်နေကြောင်း သတိပြုရန်လိုပါသည်။

ဘဝရပ်တည်နိုင်ရေးသည် ဤအဟန့်အတားများကို ဖြေရှင်းနိုင်စွမ်းအပေါ်မှာ မူတည်ပါသည်။ ဤစစ်တမ်း ကောက်ယူမှုကို ဖွန်လနှင့် ဇူလိုင်လအတွင်းမှာ လုပ်ဆောင်ခဲ့ပြီး၊ မိုးစပါး ရိတ်သိမ်းချိန်သည် နိုဝင်ဘာလပတ်ဝန်းကျင်တွင် ဖြစ်ရာ၊ ဝမ်းစာ စိုက်ပျိုးစားသောက်သော လယ်သမားများအဖို့ ကိုယ့်အားကိုယ်ကိုး၍ ဘဝရပ်တည်နိုင်ရန် အလို့ငှာ ဝမ်းစာစပါး (၄) လစာခန့် လိုအပ်သည်။ ဝမ်းစာအတွက် လိုနေသေးသော စပါးကို ဝယ်ယူခြင်း၊ ချေးယူခြင်း ပစ္စည်းနှင့်လဲလှယ်ခြင်း မပြုရဘဲ၊ စပါးရိတ်သိမ်းအချိန်အထိ ဝမ်းစာစပါး အလုံအလောက်ရရှိသော အိမ်ထောင်စုဦးရေသည် ၂၀% ပင် မပြည့်တတ်ချေ။ ကုန်သွယ်ခြင်းလုပ်ငန်း၊ နေ့စားလုပ်ငန်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ သစ်ခုတ်ခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ လုပ်ကိုင် စားသောက်ကြသော လူနည်းစုအဖို့မူ ဝမ်းစာကိစ္စသည် ပြဿနာ မဟုတ်ချေ။ သို့ရာတွင်ဆန်စပါးမှအပဖြစ်သော အစားအစာများကို ဝယ်ယူရေးအတွက်

[၁၅] WFP, 2011, Food Security Assessment in Northern Rakhine State, Myanmar, page 7; WFP, 2011, Food Security Assessment in Dry Zone, Myanmar, page 6.


အိမ်သုံးစားရိတ်ငွေ မရှိကြသော ဝမ်းစာစိုက်ပျိုးသောက်သူ လယ်သမားများ အဖို့မူ၊ ရာသီအလိုက် ဖြစ်နေကျ အကျပ်အတည်းသည် ရောမ ခြိမ်းခြောက်မှုကြီးတစ်ရပ် ဖြစ်နေဆဲပင်ရှိသည်။

ပုံ ၁၀။ အမာခံ ဝမ်းစာရိက္ခာများ




ဈေးသက်သာသော အညံ့စား ရိက္ခာများကို ဝယ်စားခြင်းနှင့် ချေးယူခြင်းတို့သည် ဘဝရှင်သန်ရပ်တည်ရေး အခက်အခဲကို ဖြေရှင်းမှုအတွက် အဓိကကျသော ဖြေရှင်းနည်းများဖြစ်ကြောင်း ယခင်ကဖော်ထုတ်ပြခဲ့ပြီး ဖြစ်သည်။[၁၆] မိသားစု ဆွေမျိုးများ၊ သို့မဟုတ် မိတ်ဆွေများသည် အဓိက အားထားရာအဖြစ် ဖော်ထုတ်ပြခြင်းအားဖြင့် ကျေးရွာများ၏ ၈၈% က ဘဝရပ်တည်ရှင်သန်ရေးအတွက် အချင်းချင်း ယိုင်းပင်းကူညီမှု လူမှုရေး အရင်းအနှီး (social capital) ၏ အရေးပါမှုကို ဤစစ်တမ်းကောက်ယူလေ့လာမှုတွင် ဖော်ပြခဲ့ကြသည်။ စစ်ဒေတာသင့် ကျေးရွာများ၏ ခံနိုင်ရည်ရှိမှုနှင့် ယင်းတို့၏ ငွေချေးစားသူများ၊ အသေးစား ငွေစုငွေချေး အသင်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ ငွေချေးငှားလိုခြင်း မရှိကြပုံကို ဤအချက်က ထင်ဟပ်ပြနေပါသည်။

ပုံ ၉။ အသက်မွေးဝမ်းကျောင်းမှုအတွက် အဟန့်အတားများ




[၁၆] TBC, 2012, “Changing Realities, Poverty and Displacement in South East Burma/Myanmar, page 58

## ၂။ ၅။ ပညာရေး


*"ကျနော်တို့ရွာသားတွေက ကျောင်းတစ်ကျောင်း ဆောက်ပြီး၊ ဖွင့်ထားတယ်။ ကျောင်းသုံး ပစ္စည်းတွေနဲ့ ဆရာတစ်ယောက် ချပေးဖို့ မြို့နယ်အာဏာပိုင်တွေဆီ ကျနော်တို့ စာရေးခဲ့တယ်။ ဒီကိစ္စကို သူတို့ စီစဉ်နေပါတယ်လို့ ပြောတယ်။ ဒါပေမယ့် ဘာတစ်ခုမှ ကျနော်တို့ မတွေ့ရသေးဘူး။ ဘယ်ဆရာမှလည်း မလာသေးဘူး။"*

ကရင်အမျိုးသားတစ်ဦး၊ တနင်္သာရီမြို့နယ်၊
ဇွန်လ (၂၀၁၃) ခုနှစ်၊ CIDKP တွေ့ဆုံမေးမြန်းချက်။

ပညာရေး၊ ဆင်းရဲမှု လျှော့ချရေး၊ မိန်းကလေးများကို အားပေးရေး၊ လူသားဖွံ့ဖြိုး တိုးတက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်း အများက အသိမှတ်ပြုထားကြပါသည်။ သို့ရာတွင် အိမ်ထောင်စုစစ်တမ်း ကောက်ယူလေ့လာမှုများအရ တွေ့ရှိရသည်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများရှိ အသက် (၅) နှစ်မှ (၁၂) နှစ်အရွယ် ကလေးများ၏ (၃) ပုံ (၁) ပုံသည် ပုံမှန်ဆိုသလို ကျောင်းမတက်နိုင်ဘဲ ရှိနေကြသည်ဟူ၍ ဖြစ်သည်။[၁၇] ဆယ်ခုနှစ်များနှင့်ချီ၍ လျစ်လျူရှုထားခြင်းခံခဲ့ရသဖြင့်၊ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် ကပ်ဘေးသင့်နေပြီး၊ ကျောင်းသားများသည် အခြေခံအရေးအဖတ်နှင့် အတွက်အချက်တို့ကို မတတ်ကြချေ။ တစ်ချိန်ထဲမှာပင် လူမျိုးစုတိုင်းရင်းသားများ၏ ပညာရေးစနစ်များသည် မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုလက္ခဏာနှင့် ဘာသာစကားတို့ကို မြှင့်တင်နေရပြီး၊ အခြားဘက်မှာလည်း ပြည်ထောင်စုအစိုးရ၏ သင်ရိုးညွှန်းတမ်းနှင့် ပေါင်းစပ်နိုင်ရေး ကြိုးပမ်းနေရသည်။

စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာများ၏ ၆၅% တွင်ရှိသော ကျောင်းများသည် အစိုးရ၏ သင်ရိုးညွှန်းတမ်းကို အဓိက အားဖြင့် အသုံးပြုနေကြသည်။ သို့ရာတွင် ကျေးရွာအတော်များများသည် ဤကျောင်းများ၏ ကုန်ကျစရိတ် အများစုကို ကျခံကြရသည်။ ဆရာ/ဆရာမများ၏ နေထိုင်ရေး၊ စားသောက်ရေး စားရိတ်တို့ အပါအဝင်ဖြစ်သည်။ ကျေးရွာ ၁၃% ရှိ ကျောင်းများတွင် လူမျိုးစု ပညာရေးစနစ်များကို အဓိကကျင့်သုံးသည်။ ၁၅% ရှိ ကျောင်းများတွင်ကား သင်ရိုးညွှန်းတမ်း (၂) ခုကို ပေါင်းစပ်ကျင့်သုံးသည်။ ကျေးရွာ ၅% ရှိ ကျောင်းများကမူ အတန်းကျောင်းမဟုတ်သော ကျောင်းများ (non-formal school) သို့မဟုတ် ဘုန်းတော်ကြီးကျောင်း စာသင်ကျောင်းများ ဖြစ်ကြသည်။ ပုံ (၁၁) မှာ၊ ကရင်ပြည်နယ် မြောက်ပိုင်း၌ ကရင်ပညာရေးဌာန၏ ကျောင်းများများပြားပုံနှင့် မွန်ပြည်နယ် တောင်ပိုင်းဒေသ၌ အစိုးရ သင်ရိုး

ပုံ ၁၁။ ကျောင်းတက်ရောက်နိုင်မှု




---

[၁၇] TBC, 2012, "Changing Realities, Poverty and Displacement in South East Burma/Myanmar", page 44

ညွှန်းတမ်းနှင့် မွန်အမျိုးသား သင်ရိုးညွှန်းတမ်းတို့ကို ပေါင်းစပ်ကျင့်သုံးသောကျောင်းများ အချိုးအစားများပြားပုံကို တွေ့မြင်နိုင်ပါသည်။ ဤလူမျိုးစုပညာရေး စနစ် (၂) ခုသည် စာသင်ကျောင်းပေါင်း (၁,၃၀၀) ကျော်ကို ထောက်ပံ့ထားသည်။[၁၈]

### ပုံ ၁၂။ ကျောင်းများ၊ ကျောင်းသားများနှင့်ဆရာများ

| ရွာ ပေါင်း | ကျောင်းအမျိုးအစား | ကျောင်းသားပေါင်း | ဆရာပေါင်း | ဆရာတဦးလျှင် ကျောင်းသား |
|---|---|---|---|---|
| ၇၂ | မူကြိုကျောင်း | ၂,၂၉၉ | ၁၅၆ | ၁ : ၁၅ |
| ၁၆၀ | မူလတန်းကျောင်း (သူငယ်တန်း – ၄ တန်း) | ၁၄,၄၃၄ | ၅၅၃ | ၁ : ၂၆ |
| ၄၄ | အလယ်တန်းကျောင်း (၅ တန်း – ၈ တန်း) | ၆,၆၀၂ | ၃၇၂ | ၁ : ၂၇ |
| ၅ | အထက်တန်းကျောင်း (၉ တန်း – ၁၀ တန်း) | ၉၄၆ | ၄၅ | ၁ : ၂၀ |
| ၁၃ | ကျောင်းမရှိ | ၀ | ၀ | မရှိ |
| ၂၈၂ | စုစုပေါင်း | ၂၇,၅၈၁ | ၁,၁၂၆ | ၁ : ၂၄ |

စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာများအနက် (၆%) မှာ မည်သည့်ကျောင်းမျိုးမျှ မရှိချေ။ မူလတန်းအောင်ပြီး ကျောင်းဆက်တက်မည့် ကျောင်းသားများအဖို့ ကျောင်းနှင့်အလှမ်းမှီရေး ပြဿနာရှိပြန်သည်။ ကျောင်းဆက်တက်မည့် ကျောင်းသားများ၏ (၃) ပုံ (၁) ပုံ နီးပါးသည် အဆောင်နေပြီး ကျောင်းတက်ကြရသည်။ အလယ်တန်းအောင်ပြီး အထက်တန်း ကျောင်းသို့တက်ရန် အဆောင်နေရသည့် ကျောင်းသား ရာခိုင်နှုန်းက သည်ထက်ပင်ပိုများသည်။ ၆၀% ကျော်ရှိသည်။ ကလေးသူငယ်များ ကျောင်းမနေနိုင်ခြင်း နှင့် ပတ်သက်၍ ကျောင်းနှင့်အလှမ်းကွာဝေးခြင်း ပြဿနာအပြင် အခြားမသေးလှသော ပြဿနာများလည်း ရှိနေသေးသည်။ ယင်းတို့တွင် အိမ်အလုပ်ကို ကူညီလုပ်ကိုင်ရခြင်း၊ ကျောင်းနေလိုစိတ်မရှိခြင်း၊ ကျောင်းကြေးများ မတတ်နိုင်ခြင်းတို့လည်း အပါအဝင်ဖြစ်သည်။

ကျောင်းဆရာ/ဆရာမ အများစုသည် နယ်မြေဒေသသုံး ဘာသာစကားကို ပြောဆိုနိုင်ကြသည်ဟု ကျေးရွာ ၆၃% က ဖော်ပြခဲ့သည်။ အစိုးရပညာရေးစနစ် တိုးချဲ့ရေးအတွက် မြန်မာနိုင်ငံ အလယ်ပိုင်းမှဆရာ/ဆရာမများကို ယခင်ထက်ပို၍ ခန့်ထားလာသဖြင့် ဘာသာစကား ပြဿနာသည် ပို၍ ကြီးမားလာစရာရှိသည်။


[၁၈] See http://ktwg.org/schoolinfo.htm and http://monedu.org/schools.html

# ၂။ ၆။ ကျန်းမာရေး စောင့်ရှောက်မှု

*“ကျနော်တို့ ကျေးရွာအုပ်စုမှာ သားဖွားဆရာတစ်ယောက်နဲ့၊ သူနာပြုဆရာမ တစ်ယောက်ရှိပါတယ်။ သူတို့က ဒီကျေးရွာ အုပ်စုထဲက ရွာသားတွေအားလုံးအတွက် တာဝန်ယူရပါတယ်။ ကျနော်တို့မှာ အရေးကြီးတဲ့အခါ သူတို့ကို သွားခေါ်ရပါတယ်။ သူတို့ ကုပေးနိုင်တာဆိုရင် ကုပေးပါတယ်။ သူတို့ ကုမပေးနိုင်ရင်၊ အနီးဆုံးမြို့ကို သွားရပါတယ်။”*

ကရင်အမျိုးသားတစ်ဦး၊ တနသ်ာရီမြို့နယ်၊
ဇွန်လ (၂၀၁၃) ခုနှစ်၊ CIDKP တွေ့ဆုံမေးမြန်းချက်။

ပုံ ၁၃။ ကျန်းမာရေးဌာနများသို့ အလှမ်းမီမှု




လက်ရှိအစိုးရ သက်တမ်းအတွင်းမှာ ပြည်သူ့ ကျန်မားရေး အသုံးစားရိတ်ကို တိုးတက်ပေးလာသည် ဆိုသော်လည်း ကျန်းမာရေးကဏ္ဍမှာ ပစ္စည်းကိရိယာ၊ ဆေးဝါးနှင့် ကျွမ်းကျင်မှုတို့ လုံလောက်မှု မရှိဘဲ၊ ချို့တဲ့မြဲ ချို့တဲ့နေလျှက်ရှိကာ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများအဖို့ ကုန်ကျစားရိတ် မတတ်နိုင်ဘဲ ရှိနေကြသည်။[၁၉] လူမျိုးစု ကျန်းမာရေးအဖွဲ့များ၏ ဝန်ဆောင်မှုများ အပေါ် အားထားခြင်း၊ ထို့အပြင် ဤဝန်ဆောင်မှုများကို အစိုးရ ကျန်းမာရေးဝန်ဆောင်မှု၊ ပုဂ္ဂလိက ဝန်ဆောင်မှုတို့နှင့် ပေါင်းစပ်ခြင်း တို့သည် အများပြည်သူ့ ကျန်းမာရေးအဆင့်တန်း မြှင့်တင်ရေး အတွက် အဓိကစိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်သည်။ ငှက်ဖျားရောဂါသည် စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာများ၏ ၆၅% တွင် အဓိကကျန်းမာရေးပြဿနာအဖြစ် တွေ့ရှိရသည်။ ကျေးရွာ ၇% မှ ၁၂% တွင် သွေးလွန်တုပ်ကွေး ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသက်ရှူလမ်းကြောင်းရောဂါ အမျိုးမျိုးတို့သည် ဖြစ်ပွားမှု အများဆုံးရောဂါများ ဖြစ်ကြသည်။ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုနှုန်းနှင့် သေနှုန်းအများဆုံး ဖြစ်ပွားစေသော အဓိကရောဂါ ဖြစ်နေသေးပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ တောထူသော နယ်မြေဒေသများတွင် အထူးသဖြင့် ပျံ့နှံ့ဖြစ်ပွားသည်။[၂၀] ဒုက္ခသည်စခန်းများ၌ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းသည် အတော်အတန် နည်းသဖြင့်၊ နေရပ်ပြန်ပြန်သွားသူများထဲမှ ရောဂါဒဏ်ခံနိုင်ရည် မရှိသောသူများအဖို့ ရောဂါဖြစ်ပွားမည့် အလားအလာ အထူးများပေလိမ့်မည်။

စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာများ၏ ၄၂% ၌ အနီးအနားမှာ ကျန်းမာရေးဌာနများ မရှိပုံကို ပုံ (၁၃) က ညွှန်ပြနေပါသည်။ ကျေးရွာ ၃၄% ကို အစိုးရဆေးခန်းများက ဝန်ဆောင်မှု ပေးနေသည်။ သို့ရာတွင် ထိုဆေးခန်းများ၌ ဆေးဝါးနှင့် အရည်အချင်း

[၁၉] Ministry of National Planning & Economic Development & UNICEF, July 2012, *“Situation Analysis of Children in Myanmar”*

[၂၀] Ibid, www.unicef.org/eapro/Myanmar_Situation_Analysis.pdf

ပြည့်မီသော ဝန်ထမ်းများ မရှိကြချေ၊ အိမ်ထောင်စုအများစုသည်ဆေးဝါးကို ကုန်သည်များဆီမှ ဝယ်ကြရသည်ဟု ကျေးရွာ ၅၃% က ဖေါ်ပြခဲ့သည်။ ဆေးဝါးကို အဓိကအားဖြင့် ဆေးခန်းများဆီမှရရှိသည်ဟု ဖေါ်ပြသော ကျေးရွာဦးရေသည် ၁၂% သာ ရှိသည်။ နေ့တိုင်း ဆရာဝန်နှင့် သွားတွေ့၍ရသည်ဟုဖေါ်ပြသော ကျေးရွာဦးရေကား ၂% သာရှိသည်။

ကျန်းမာရေး ဆေးပေးခန်းများ ချို့တဲ့ကြောင်း တွေ့ရသော်လည်း ကျန်းမာရေးဝန်ဆောင်မှုရရှိသူ ဦးရေက ဆေးပေးခန်းများ၏ ဝန်ဆောင်မှုပေးနိုင်သော အချိုးအစားထက် ပိုများသည်။ စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာများ၏ ၂၅% တွင် ကျေးရွာကျန်းမာရေးလုပ်သားများနှင့်သော်လည်းကောင်း၊ ၂၁% တွင် ရိုးရာဝမ်းဆွဲလက်သည်များနှင့်သော်လည်းကောင်း၊ ၁၉% တွင် သားဖွားဆရာမများနှင့်သော်လည်းကောင်၊ ၉% တွင် သူနာပြုဆရာမများနှင့်သော်လည်းကောင်း၊ နေ့တိုင်း တွေ့နိုင်ကြသည်။ ဤအချက်သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများတွင် နေထိုင်ကြသော ကျန်းမာရေးလုပ်သားပေါင်း (၂,၀၀၀) ကျော်အား အထောက်အပံ့ပေးထားသည့် လူမျိုးစု ကျန်မားရေးအဖွဲ့အစည်းများ၏ ရောက်ရှိမှုနှင့် စွမ်းရည်ကို တစ်စိတ်တစ်ဒေသအားဖြင့်ထင်ဟပ်ပြနေပါသည်။[၂၀] ပုံ (၁၄) မှာ မှတ်တမ်းပြုထားသည့်အတိုင်းပင်၊ လွန်ခဲ့သောနှစ် အတွင်းမှာ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု (အထူးသဖြင့် ကာကွယ်ဆေး ထိုးခြင်းနှင့် သန်ချဆေး တိုက်ကျွေးခြင်း) သည် စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအတော်များများသို့ ရောက်ရှိခဲ့ကြောင်း တွေ့နိုင်သည်။

### ပုံ ၁၄။ လွန်ခဲ့သော (၁၂) လ အတွင်းမှာ ရရှိခဲ့သော ကျန်းမာရေးဝန်ဆောင်မှုများ

| ဝန်ဆောင်မှုများ | % ရွာများ |
|---|---|
| ကာကွယ်ဆေးထိုးခြင်း | ၇၂% |
| သံချဆေးတိုက်ကျွေးခြင်း | ၄၆% |
| ကျန်းမာရေးပညာပေးခြင်း | ၃၈% |
| ပိုးသတ်ဆေးစိမ်ခြင်ထောင်များဝေပေးခြင်း | ၃၆% |
| ငှက်ဖျားရောဂါစစ်တမ်းပြုခြင်းနှင့် ကုသခြင်း | ၃၄% |
| ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု | ၃၄% |
| အခြေခံကျန်းမာရေးစောင့်ရှောက်မှု | ၂၂% |
| လူနာလွှဲပြောင်းရေးဝန်ဆောင်မှုများ | ၁၂% |

[၂၀] For one case study, see Backpack Health Worker Team, 2012, Mid-Year Report, http://www.backpackteam.org/

အခန်း (၃)

# အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှု

လယ်ယာခင်းများ ရေလွှမ်းမိုးခြင်း
ကျိုင်းတုံမြို့နယ်။ ၂၀၁၃။ SSDF



တောင်ပေါ်ဒေသတွင်း ကုန်ပစ္စည်းများရောင်းဝယ်ရေးလမ်းကြောင်းတွင်
တထောက်နားနေခြင်း။ သံတောင်ကြီးမြို့နယ်။ ၂၀၁၂။ CIDKP



# ၃။ ၁။ နေရပ်ရင်း စွန့်ခွာ ထွက်ပြေးရမှုများ


*“ဒီနယ်မြေထဲမှာ တိုက်ပွဲတွေ အများကြီးဖြစ်ခဲ့တယ်။ ကျမတို့မှာ ဟိုပြေး၊ ဒီပြေး ပြေးခဲ့ရတာပေါ့။ ကျမတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေလည်း ပျက်စီးကုန် တော့တယ်။ အဲဒါကြောင့်မို့လို့ လူအတော်များများက ထိုင်းထဲဝင်ပြီး၊ အလုပ်လုပ်ကြတာပေါ့။”*

ရှမ်းအမျိုးသမီး တစ်ဦး၊ မိုင်းပန်မြို့နယ်၊
ဇူလိုင်လ (၂၀၁၃) ခုနှစ်၊ SSDF တွေ့ဆုံမေးမြန်းချက်။

ဒုက္ခသည်များနှင့် ဝင်ရောက်ထိတွေ့နိုင်ရေး ကန့်သတ်ချုပ်ချယ်မှုများ ရှိနေခြင်းကြောင့်၊ TBC အဖွဲ့သည်သာလျှင် အဓိက အားဖြင့်၊ ဆယ်စုနှစ်တစ်စုအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြည်တွင်းဒုက္ခသည် ဦးရေပမာဏနှင့် နယ်မြေအလိုက် တည်ရှိနေမှုတို့နှင့်ပတ်သက်၍ သတင်းအချက်အလက် အပြည့်စုံဆုံး ပေးနိုင်သော အဖွဲ့အစည်း ဖြစ်သည်။ ဤဒုက္ခသည် ဦးရေခန့်မှန်းချက်များသည် လက်နက်ကိုင် ပဋိပက္ခကြောင့်ဖြစ်စေ၊ သဘာဝဘေးဒဏ်ကြောင့်ဖြစ်စေ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကြောင့်ဖြစ်စေ၊ နေအိမ်စွန့်ခွာ ထွက်ပြေးရသူများနှင့် အကြုံးဝင်သော နိုင်ငံတကာစံချိန်များ လမ်းညွှန်ထားသည့်အတိုင်း မှတ်တမ်းတင် စုဆောင်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်များအရ ပြည်တွင်းဒုက္ခသည်များအနေဖြင့် ပြေးလွှားနေထိုင်ရသည့် ဘဝအဆုံးသတ်ရမည့် အချိန်ကာလကို အတင်းအကျပ် သတ်မှတ်ထားခြင်း မရှိဘဲ၊ မိမိတို့ သဘောဆန္ဒအလျောက် နေရပ်ပြန်ရေး၊ သို့မဟုတ် ပြန်လည်အခြေချ နေထိုင်ရေး၊ ခွဲခြားဆက်ဆံခြင်း ကင်းမဲ့စွာ လူမှုအဖွဲ့အစည်းထဲသို့ ပြန်လည် ဝင်ရောက် ပေါင်းစပ်နိုင်ရေးနှင့် မြေယာနှင့် အိုးအိမ်ပြန်လည်ရရှိရေးတို့ အပေါ်တွင်သာ ရည်ညွှန်း၍ သတ်မှတ်နိုင်မည် ဖြစ်ပါသည်။[၂၂]

TBC အဖွဲ့အစည်းသည် (၁၉၉၆) မှ (၂၀၁၁) ခုနှစ်အတွင်း၊ ကျေးရွာပေါင်း (၃,၇၀၀) ကျော်တို့၏ ဖျက်ဆီးခံရမှု၊ သို့မဟုတ် အတင်းအကျပ် ရွှေ့ပြောင်းခံရမှု၊ သို့မဟုတ် စွန့်ခွာထွက်ပြေးခဲ့ရမှုတို့ အပြင်၊ လွန်ခဲ့သည့် (၁၀) နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ပြည်တွင်းဒုက္ခသည် (၇၅,၀၀၀) တို့၏ အကြောင်းအချက်များကို မှတ်တမ်း ပြုထားပါသည်။[၂၃] ဤနှစ်စဉ်ပြည်တွင်း ဒုက္ခသည်ဖြစ်ပွားမှုနှုန်းသည် သိသိသာသာ လျော့ကျသွားခဲ့ကာ၊ (၂၀၁၁) ခုနှစ်၊ ဩဂုတ်လမှ (၂၀၁၂) ခုနှစ်၊ ဇူလိုင်လ အတွင်းတွင် (၁၀,၀၀၀) ခန့်သာ ရှိတော့သည်။ သို့ရာတွင် (၂၀၁၂) ခုနှစ် ကုန်ဆုံးချိန်အထိ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ မြို့နယ်ပေါင်း (၃၆) မြို့နယ်၏

ပုံ ၁၅။ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရသော ပြည်တွင်းဒုက္ခသည်များ




[၂၂] UN Commission on Human Rights, 1998, Guiding Principles on Internal Displacement,

[၂၃] TBBC, 2011, “Poverty and Displacement in South East Burma/Myanmar”, pages 16-18,

ကျေးလက်ဒေသများတွင်၊ ပြည်တွင်းဒုက္ခသည်များသည် အနည်းဆုံး (၄၀၀,၀၀၀) ခန့် ကျန်ရှိနေသေးသည်။ [၂၄]

ဤခန့်မှန်းချက်အားလုံးကို (၂၀၁၃) ခုနှစ်တွင် ပြန်လည် ဆန်းသစ်ရန် မဖြစ်နိုင်ချေ။ အကြောင်းမှာ စစ်တမ်းကောက်ယူမှု လုပ်ငန်းကို (၂၂) ခုမျှရှိသော မြို့နယ်များ၏ ကျေးရွာ ၂၄% မှာသာလျှင် လုပ်ဆောင်ခဲ့ရသောကြောင့် ဖြစ်သည်။ အိုးအိမ် အခြေပျက်မှု အသစ်များ ဖြစ်ပွားရခြင်းသည် လက်နက်ကိုင်တိုက်ပွဲများကြောင့် မဟုတ်ဘဲ၊ သဘာဝကပ်ဘေးများကြောင့် သော်လည်ကောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မတော်မတရားမှုများကြောင့် ဖြစ်ရကြောင်း၊ ဤသို့ဖြင့် ပြည်တွင်းဒုက္ခသည် ဖြစ်ပွားမှုနှုန်း လျော့ကျသွားကြောင်း၊ နယ်မြေသတင်းပေးပို့ချက်များအရ သိရှိရပါသည်။ ဇူလိုင်လကုန်၌ ကရင်ပြည်နယ်မှာ ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် လူပေါင်း (၃၃,၀၀၀) ကျော်တို့ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသဖြင့်၊ ယင်းသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်၊ ယခုနှစ်အတွင်း အိုးအိမ်အခြေပျက်မှုဖြစ်ပွားစေသည့် တစ်ခုတည်းသော အကြီးဆုံးအကြောင်းရင်း ဖြစ်သည်။

ပုံ (၁၅) မှာ ဖေါ်ပြထားသည့် အတိုင်းပင်၊ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာပေါင်း (၂၀၉) ရွာအနက်၊ ကျေးရွာ ၃၈% မှာ အိုးအိမ်အခြေပျက်မှု စုစုပေါင်း (၁၆,၀၀၀) ရှိသည်။ ဤဦးရေသည် စစ်တမ်းကောက်ကျေးရွာ အားလုံးရှိ လူဦးရေ စုစုပေါင်း၏ ၁၃% ဖြစ်ပြီး၊ ပြည်တွင်းဒုက္ခသည်များနေထိုင်ရာ ကျေးရွာများရှိ လူဦးရေ၏ ၃၅% ရှိသည်။ ဖာပွန်မြို့နယ်နှင့် ရေးမြို့နယ် အတွင်းရှိ ကေအဲန်ယူ **(KNU)** နှင့်မွန်ပြည်သစ်ပါတီတို့ အသီးသီး ထိန်းချုပ်ထားသော နယ်မြေများတွင် ပြည်တွင်း ဒုက္ခသည်ဦးရေသည် လူဦးရေ စုစုပေါင်း၏ ၁၀၀% နီးပါး ရှိသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိုးအိမ်အခြေပျက်မှုနှုန်း လျော့ကျခဲ့သည့် အချိန်၌၊ မြန်မာနိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့မှာ တိုးမြင့်၍ လာခဲ့သည်။ လက်ရှိအစိုးရ တက်လာပြီးနောက်ပိုင်းမှာ ရခိုင်ပြည်နယ်၌ လူပေါင်း (၁၄၀,၀၀၀) နှင့် ကချင်ပြည်နယ်နှင့်မြောက်ပိုင်းရှမ်းပြည်နယ်တို့၌ လူပေါင်း(၁၀၀,၀၀၀)ကျော်တို့ အိုးအိမ် အခြေပျက်ခဲ့သည်ဟု ခန့်မှန်းရ သည်။[၂၅]

---

[၂၄] TBC, 2012, "Changing Realities, Poverty and Displacement in South East Burma/Myanmar", pages 16-18

[၂၅] UNHCR, 30 Sept. 2013, "Rakhine State Info-Graphic"
UNOCHA, July 2013, "Myanmar: Internal Displacement Snapshot – Kachin and northern Shan States".

# ၃။၂။ နေရပ်ရင်းပြန်ရေးနှင့် ပြန်လည်အခြေချနေထိုင်ရေး


*“ဒုက္ခသည်တွေ ပြန်လာတဲ့အခါကျရင်၊ အစိုးရအနေနဲ့ အိမ်ဆောက်ဖို့ မြေနေရာတွေ ပေးသင့်တယ်။ ကျန်းမာရေး စောင့်ရှောက်မှု အကူညီတွေ အသင့်ပြင်ထားရမယ်။ ဒုက္ခသည်တွေ ရောက်စမှာ ရိက္ခာအကူ အညီလည်း ပေးသင့်တယ်။ နောက်ပိုင်းမှာ ပညာရေး အကူအညီပေးရမယ်။ စိုက်ပျိုးစားဖို့ မြေယာတွေ ပေးသင့်တယ်။ ဒါမှမဟုတ် အလုပ်အကိုင် ပေးသင့်တယ်။ ဒါမှသာ ဘဝရပ်တည်ဖို့ ဝင်ငွေရမယ်။”*

ကရင်အမျိုးသားတစ်ဦး၊ ထားဝယ်မြို့နယ်၊
ဇွန်လ (၂၀၁၃) ခုနှစ်၊ CIDKP တွေ့ဆုံမေးမြန်းချက်။

TBC အဖွဲ့နှင့် စစ်တမ်းကောက်ယူရေး လုပ်ငန်းတွင် ဆက်စပ်ပါဝင်သူများက (၂၀၁၁) ခုနှစ်၊ ဩဂုတ်လနှင့် (၂၀၁၂) ခုနှစ်၊ ဇူလိုင်လ အတွင်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများရှိ ပြည်တွင်းဒုက္ခသည် (၃၇,၀၀၀) တို့ အစမ်းသဘောနှင့် နေရပ်ပြန်နိုင်မည်ဟု ခန့်မှန်းခဲ့သည်။[၂၆] ထို့အပြင်၊ ဒုက္ခသည်စခန်းများကို စောင့်ကြည့်ရေးအတွက် ထားရှိသော TBC ၏ အချက်အလက် ဒေတာဘဏ်အရ သိရသည်ကား (၂၀၁၂) ခုနှစ်အတွင်းမှာ ဒုက္ခသည် (၁၈,၀၀၀) ခန့် စခန်းမှ ထွက်သွားခဲ့ကြသည်။ သို့ရာတွင် အများစုသည် တတိယနိုင်ငံသို့ သွားရောက်အခြေချကြခြင်း၊ သို့မဟုတ် ဝင်ငွေရှာရန် ထိုင်းနိုင်ငံသို့ ဝင်သွားကြခြင်း ဖြစ်သည်။ (၂၀၁၂) ခုနှစ် အတွင်းမှာ ဒုက္ခသည် (၂,၃၀၀) ဦးသာလျှင် မြန်မာနိုင်ငံသို့ ပြန်သွားကြကြောင်း တွေ့ရှိရသည်။ ပြန်သွားသူများကို လေ့လာကြည့်လိုက်သောအခါ၌ အိမ်ထောင်စုဝင် (၁) ဦး၊ (၂) ဦး သာလျှင် ဖြစ်ပြီး အခြေအနေကို အကဲခတ်ရန် ယာယီသဘော ပြန်သွားကြခြင်းဖြစ်သည်။ ကျန်အိမ်ထောင်စုဝင်များက စခန်းထဲမှ စောင့်ကြည့်နေကြကြောင်း တွေ့ရှိရသည်။[၂၇]

မကြာသေးမီက၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ကချမှတ်ခဲ့သော မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်း နေရပ်ပြန်သူများ စောင့်ကြည့်ရေးစနစ်မှ၊ ပဏာမတွေ့ရှိချက်များသည် လက်ရှိအချိန်မှာ နေရပ်ပြန်မှု သိပ်မရှိသေးဟူသည့် အချက်နှင့် ကိုက်ညီနေပါသည်။ TBC ၏ မိတ်ဖက်အဖွဲ့အစည်းများ ထံမှ ပေးပို့သော သတင်းလက်များအရဆိုလျှင်၊ မြေပြန့်ရှိ ထွက်ပြေး တိမ်းရှောင်သူများသည် တောင်ကုန်းဒေသပေါ်ရှိ ထွက်ပြေး တိမ်းရှောင်သူများထက် ပို၍ မိမိတို့ရွာသို့ပြန်ရေး၊ သို့မဟုတ် ရွာအနီးအနားတွင် ပြန်လည်အခြေချနေထိုင်ရေး ကိစ္စအတွက်

ပုံ ၁၆။ နေရပ်ပြန်သူများ




[၂၆] TBC, 2012, “Changing Realities, Poverty and Displacement in South East Burma/Myanmar”, page 16

[၂၇] TBC, 2013, Programme Report: January-June 2013, page 17

ဖြစ်နိုင်ခြေကို ပို၍ စဉ်းစားကြကြောင်း သိရှိရသည်။ တိုက်ပွဲဖြစ်ပွားရာ ဒေသများရှိ ထွက်ပြေးတိမ်းရှောင်သူများသည် လုပ်ကိုင်စားသောက်ရေးကိစ္စကို မစဉ်းစားမီမှာ စစ်တပ်များ ပြန်လည်ရုပ်သိမ်းခြင်း ရှိ–မရှိကိစ္စကို အဓိကထား စဉ်းစားကြကြောင်း တစ်ညီတစ်ညွတ်တည်း တွေ့ရှိရသည်။

စစ်တမ်းကောက်လေ့လာခဲ့သော ကျေးရွာများမှ ဒုက္ခသည် (၁, ၃၀၀) ဦးသာလျှင်၊ (၂၀၁၂) ခုနှစ်၊ သြဂုတ်လမှ (၂၀၁၃) ခုနှစ် ဇူလိုင်လအတွင်းမှာကျေးရွာ (၈၂) ရွာသို့ ပြောင်းရွှေ့သွားကြကြောင်း သိရသည်။ ဤလူဦးရေသည် စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများ၏ ကျေးရွာ ၃၉% ထဲမှာ ဟိုဟိုသည်သည် ပြန့်ကျဲနေသော လူဦးရေ စုစုပေါင်း၏ ၁% မျှသာဖြစ်သည်။ ပျမ်းမျှခြင်းအားဖြင့် ကျေးရွာတစ်ရွာသို့ပြောင်းရွှေ့သွားသော လူဦးရေသည် (၁၆) ဦး ဖြစ်သည်။ ထားဝယ်မြို့အနီးရှိ ကျေးရွာ တစ်ရွာသို့ပြောင်းရွှေ့သွားသော ပြည်တွင်းဒုက္ခသည်ဦးရေသည် အများဆုံးဖြစ်ပြီး၊ လူပေါင်း (၁၂၀) ဦး ရှိသည်။

ကျေးရွာများထဲသို့ ပြောင်းရွှေ့သွားသူများ၏ (၃) ပုံ (၂) ပုံ နီးပါးသည်၊ အနီးအနားရွာများမှ လူများဖြစ်ပြီး (၄) ပုံ (၁) ပုံ နီးပါးခန့်သည် မြို့များ၊ သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားအရပ်များမှ လူများဖြစ်သည်။ အနည်းအကျဉ်းမျှသော သူများသည် ဒုက္ခသည်များစခန်းများ၊ သို့မဟုတ် ထိုင်းနိုင်ငံမှပြန်လာကြသူများ ဖြစ်သည်။ မြို့များ၊ သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားအရပ်များမှ လူများသည် ဤကျေးရွာများမှနေ၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သူများ ဖြစ်ဟန်တူသည်။ ထိုသူများထဲမှ အချို့သည် ရေကြည်ရာ မြက်နုရာရှာသောအားဖြင့် စီးပွားရေးအရ ပြောင်းရွှေ့လာသူများ ဖြစ်ပုံရသည်။ ဤသို့ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ကာလအတွင်းမှာ လူမျိုးစုနယ်မြေများထဲသို့ “မြန်မာလူမျိုးများ အနှံ့အပြား ဝင်ရောက်လာခြင်း” နှင့် စီးပွားရေးအရ လူများရွှေ့ပြောင်းလာခြင်း တို့နှင့်ပတ်သက်၍ နယ်ခံလူထုနှင့် ဒုက္ခသည်များထဲမှာ အလိုမကျမှုများ ဖြစ်ပေါ်နေပါသည်။

# ၃။ ၃။ နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ရောက်ပေါင်းစည်းရေးဆိုင်ရာမူများ

*“လောလောဆယ်ဆယ်မှာတော့ ဒုက္ခသည်တွေအဖို့၊ နေရပ်ပြန်ဖို့ ခက်လိမ့်မယ်။ မြေမြှုပ်မိုင်းတွေကို ရှင်းရသေးတာ မဟုတ်ဘူး။ ကျမတို့တောင် ရွာအပြင်ထွက်ရင် တော်တော် သတိထားနေရတယ်။ အပစ်အခတ်ရပ်စဲရေးကလည်း တည်ငြိမ်သေးတာ မဟုတ်ဘူး။ ဒီတော့သူတို့ လုံခြုံရေးအတွက် မသေချာရင် မပြန်သေးတာ ကောင်းတယ်။”*

ကရင်အမျိုးသမီး တစ်ဦး၊ သံတောင်ကြီးမြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ KORD တွေ့ဆုံမေးမြန်းချက်။

မြန်မာအစိုးရ၊ ထိုင်းအစိုးရ၊ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များ၊ ဒုက္ခသည်များ၊ နယ်ခံကျေးရွာလူထုများ၊ နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းတို့ အားလုံးက သဘောတူကြသောအချက်ကား၊ လက်ရှိအခြေအနေသည် အလုံးအရင်းဖြင့် ဒုက္ခသည်များ အတည်ပြန်ရေးအတွက် အခြေအနေ မဖြစ်သေးဟူ၍ ဖြစ်သည်။ မြေမြှုပ်မိုင်းများ အနှံ့အပြား ရှိနေသေးခြင်း၊ စစ်တပ်များ နေရာအနှံ့ချထားခြင်းတို့အပါအဝင် ကာကွယ်စောင့်ရှောက်မှုပေးရေး ပြဿနာများ ရှိနေသေးခြင်းကြောင့် ဒုက္ခသည်များက မဝံ့မရဲ ရှိနေကြသည်။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက သီးခြားလွတ်လပ်သော ငြိမ်းချမ်းရေး စောင့်ကြည့်ရေးစနစ်များကို တရားဝင် ထားရှိစေလိုသည့်အပြင် ပဋိပက္ခနှင့်၊ မတော်မတရားမှုများ ဖြစ်ပွားစေသော နိုင်ငံရေး အကြောင်းအရင်းများကို ဖြေရှင်းလိုကြသည်။ မြန်မာအစိုးရအနေဖြင့် ဒုက္ခသည်များ ပြန်သွားမည့် နယ်မြေများတွင် အလုပ်အကိုင်များ ရရှိနိုင်စေမည့် စီးပွားရေး အခင်းအကျင်းတစ်ရပ် တည်ဆောက်ရန် နောက်ထပ် အချိန်ယူရမည် ဖြစ်သည်။ ထိုင်းနိုင်ငံအဖို့လည်း ဒုက္ခသည်များ အတည်တကျ ပြန်ရန် မဖြစ်နိုင်သေးဟုဆိုလျှင်၊ ဒုက္ခသည်စခန်းများကို ဖျက်သိမ်းပစ်ရန် အကြောင်းမရှိချေ။

သို့ဖြစ်သည့်တိုင်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အတည်တကျ နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ရောက်ပေါင်းစည်းရေး အတွက်၊ ကြိုတင်ပြင်ဆင်ရာ၌ အချိန်ယူရမည်ဖြစ်ပြီး၊ ဆက်စပ်ပါဝင်သူ အင်အားစုအမျိုးမျိုးနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သည်။ ဒုက္ခသည်များက မိမိတို့၏ အနာဂတ်အရေးနှင့် ပတ်သက်သော အစီအစဉ်များကို ရေးဆွဲရာ၌ ရှေ့တန်းမှနေ၍ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လိုကြသည်။ ပြန်သွားမည့် အရပ်ဒေသရှိ နယ်ခံကျေးရွာများကမူ ဖြေရှင်းပေးရန်လိုသော မြေယာကိစ္စ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းကိစ္စ၊ အကူအညီကိစ္စ ကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ ရတက်မအေးဘဲ ရှိနေကြသည်။ အလုပ်ရုံဆွေးနွေးပွဲများနှင့် လူထုအစည်းဝေးပွဲများ အများအပြား ကျင်းပခဲ့ပြီး၊ ကြေညာချက် အတော် များများ ထုတ်ပြန်ခဲ့သည်။ ထိုဆွေးနွေးပွဲ၊ အစည်းအဝေးနှင့်ကြေညာချက်များထဲ၌ နယ်စပ် နှစ်ဘက်စလုံးမှ အရပ်သား လူမှုအဖွဲ့အစည်းများက ယင်းတို့သည် နေရပ်ပြန်ရေးကိစ္စကို မိမိသဘောဆန္ဒအလျောက်ပြန်ခြင်း၊ လုံခြုံဘေးကင်းခြင်း၊ ဂုဏ်သိက္ခာရှိခြင်းတည်းဟူသော မူများနှင့်အညီ၊ ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု ထပ်လောင်းဖော်ပြခဲ့သည်။[၂၇]

ဆွေးနွေးတင်ပြချက် စာတမ်းနှစ်စောင်ထဲတွင်၊ နယ်မြေဒေသ အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာမူများနှင့် စံချိန်စံညွှန်းများကို ရည်ညွှန်းခဲ့သည်။ ဘန်ကောက်အခြေစိုက် UNHCR အဖွဲ့က ထိုင်းနိုင်ငံမှ ဒုက္ခသည်များ မိမိဆန္ဒအလျောက် နေရပ်ပြန်ရေး ကိစ္စအတွက် လုပ်ငန်းစည်းမျဉ်း အခြေခံမူဘောင် တစ်ရပ်ကို ဆွေးနွေးတင်ပြထားသည်။ ဤလုပ်ငန်းစည်းမျဉ်းများ အခြေခံမူဘောင်တွင် မည်သည့်အကျပ်ကိုင်မှုမျိုးမှ မရှိဘဲ၊ ထို့အပြင် မြေမြှုပ်မိုင်း၊ အကြမ်းဖက်မှု၊ လက်နက်ကိုင် တိုက်ပွဲဘေးရန်တို့ ကင်းရှင်းသော အခြေအနေမရှိဘဲ၊ သတင်းအပြည့်အဝ သိရှိနားလည်မှုဖြင့် သဘောတူခွင့်ပြုခြင်း၊ လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ခြင်း၊ တရားဥပဒေအရ လုံခြုံမှုနှင့် တရားမျှတမှု ခံစားခွင့်ရှိခြင်း၊ မြေယာ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အကူအညီရရှိမှုတို့ အပါအဝင် ရုပ်ဝတ္ထုအရ လုံခြုံမှုရှိခြင်းတို့ ရှိရမည်ဟု ဖော်ပြခဲ့ သည်။[၂၈] ရန်ကုန်အခြေစိုက် UNHCR ရုံးကမူ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ဒုက္ခသည်များ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ဝင်ရောက်ပေါင်းစည်းရေးအတွက် လုပ်ငန်းစည်းမျဉ်းဘောင် တစ်ရပ်ကို ဆွေးနွေးတင်ပြခဲ့သည်။ ဤလုပ်ငန်း စည်းမျဉ်းဘောင်က နေရပ်ပြန်ရေးနှင့် ပတ်သက်သော

[၂၇] Karen Refugee Committee (KRC), March 2013, “Position on Repatriation”; Burma Partnership, December 2012, “Nothing About Us, Without Us” http://www.youtube.com/watch?v=gOW07BsBdrM

[၂၈] UNHCR, October 2012, *“Framework for Voluntary Repatriation: Refugees from Myanmar in Thailand”*, Annex II, Bangkok

ထောက်ပံ့ရေးကိစ္စကို အလေးထားသည့်ထက်၊ ရေရှည် ထိရောက်သော ဖြေရှင်းနည်းများဖြင့် ကာကွယ်စောင့်ရှောက်မှု ပေးခြင်းကို အလေးထားသည်။ ထို့အပြင်၊ ပြည်တွင်း ဒုက္ခသည်များနှင့် နယ်ခံကျေးရွာများဆိုင်ရာ လုပ်ငန်းဖြင့် အစချီသော အဆင့်ဆင့် ချဉ်းကပ်နည်း တစ်ရပ်ကို တင်ပြခဲ့သည်။[၃၀]

ဤစာတမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်းမရှိချေ။ သို့ရာတွင် နယ်ခံလူထုနှင့် ဒုက္ခသည် အသိုက်အဝန်းများ အကြား သတင်းအချက်အလက် စီးဆင်းမှု ကောင်းမွန်စေခြင်းဖြင့်၊ နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ရောက် ပေါင်းစည်းရေးအတွက် ကြိုတင်ပြင်ဆင်မှုတွင်၊ တာဝန်သတ်မှတ်ခြင်းနှင့် အရပ်သားအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု တိုးများအောင် ကြိုးပမ်းရာ၌ များစွာ အထောက်အကူပြု အခရာကျလိမ့်မည်ဖြစ်သည်။ အစိုးရ၏ တပ်ဖွဲ့များသည် အကြမ်းဖက်မှုနှင့် မတော်မတရားမှုများကို အဓိကကျူးလွန်သူများ ဖြစ်ခဲ့လေရာ၊ မြို့ကြီးများတွင် လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲမှုများ သည် လူမျိုးစုများ နေထိုင်ရာ ကျေးလက်ဒေသများသို့ ရောက်လာလိမ့်မည်ဟူသောအချက်နှင့် ပတ်သက်၍ ဒုက္ခသည်များနှင့် နယ်ခံကျေးရွာလူထုများက အကြီးအကျယ် သံသယ ရှိနေကြသည်။

အတည်တကျလည်း မဖြစ်၊ အကျပ်ကိုင်မှုလည်း ပါသော ယခင်နေရပ်ပြန်ရေးကိစ္စများမှနေ၍ အရပ်သားအဖွဲ့အစည်းများ ရရှိခဲ့ကြသော သင်ခန်းစာများကြောင့်၊ အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ကတိပေးလျှင် သတိကြီးစွာထား၍ စောင့်ကြည့်နေကြသည်။ မယုံကြည်နိုင်ဘဲ ရှိနေကြသည်။ ယခု ကြိုတင်ပြင်ဆင်မှု လုပ်ငန်းနှင့်ပတ်သက်၍ စိုးရိမ်စရာ ရှိနေသည်များကား မြို့နယ်ခွဲများ တည်ဆောက်မည့် နေရာများနှင့် အစမ်းသဘော ပြန်ရန် အကြံပြုချက်များဖြစ်သည်။ မြို့နယ်ခွဲများတည်ရန် အကြံပြုသော နေရာများသည် အခြားသူများ၏ မြေကိုသိမ်းပိုက်၍ ပြုလုပ်ထားခြင်း၊ "စံပြ" ရွာ တည်ရေးအမြင်ရှိခြင်း၊ ဆွေးနွေးတိုင်ပင်မှုလည်းရှိ၊ သိမြင်မှုလည်းရှိသော သဘောတူခွင့်ပြုချက်ဆိုင်ရာ မူများကို လျစ်လျူရှု ထိခိုက်နေခြင်းတို့နှင့် ဆက်စပ်နေပါသည်။ အစမ်းသဘောပြန်ရေး အကြံပြုချက်များသည် လက်လီစိပ်နည်း တစ်နည်းဖြစ်ပြီး၊ မိမိသဘော ဆန္ဒအလျောက် ပြန်ရေးမူနှင့် မသက်ဆိုင်ဟု ယူဆကာ၊ ကရင်ဒုက္ခသည်ကော်မတီ (Karen Refuge Committee) က အကြိမ်ကြိမ် ပယ်ချခဲ့သည်။[၃၁]

ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၏ လူဦးရေ (၈%) ရှိသော အိန္ဒိယနွယ်ဖွားများနှင့် ရိုဟင်ဂျာ ဒုက္ခသည်များ၏ မျှော်မှန်းချက်များနှင့် ပြဿနာများကို ကြိုးပမ်းဖြေရှင်းပေးရန်လည်း လိုအပ်ပါသည်။ မူဆလင်အုပ်စုများအား ပစ်မှတ်ထား သော အကြမ်းဖက်မှုလှိုင်းသည် လွန်ခဲ့သော နှစ်အတွင်းက မြန်မာနိုင်ငံထဲမှာ ပျံ့နှံ့သွားခဲ့ကာ ယဉ်ကျေးမှုပေါင်းစုံ သဟဇာတ နေထိုင်ရေးဝါဒ (multiculturalism) နှင့် အယူအဆပေါင်းစုံ ရှင်သန်ရေး ဗဟုဝါဒ (pluralism) တို့ နှစ်ခုလုံးအတွက်၊ အဓိက အဟန့်အတားတစ်ခု ဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများရှိ နယ်ခံ ကျေးရွာများသည် နေရပ်ပြန်သော အိန္ဒိယနွယ်ဖွားများနှင့် ရိုဟင်ဂျာ လူမျိုးတို့ကို လက်မခံလိုဘဲ ရှိနေနိုင်ပါသည်။ နိုင်ငံသားဖြစ်မြောက်ရေး အရည်အချင်းကို ရှင်းလင်းပြတ်သားစွာ မသတ်မှတ်ရသေးသ၍၊ နိုင်ငံမဲ့သည့် အဖြစ်များသည်လည်း ဆက်လက် တာရှည်နေလိမ့်ဦးမည် ဖြစ်သည်။

---

[၃၀] UNHCR, June 2013, *Supporting Durable Solutions in South East Myanmar: A Framework for UNHCR Engagement*, Yangon

[၃၁] KRC, May 2013, "KRC's Chairperson met with Chief Minister of Karen State"

“

လွန်ခဲ့သော နှစ်အတွင်းက၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့ ပူးပေါင်း၍၊ အစိုးရနှင့်နှင့် နိုင်ငံရေး ဆွေးနွေးရေးအတွက် လုပ်ငန်းစည်းမျဉ်းဘောင် တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ တစ်ဖွဲ့ချင်း အပစ်အခတ် ရပ်စဲပြီးသည်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ် အဆုံးသတ် မသွားရေးအတွက်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများက ဤလုပ်ငန်းစည်းမျဉ်းဘောင်အတိုင်း လုပ်ဆောင်ကြရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးသည် သူတို့၏ ပြည်သူများကို ကိုယ်စားပြု၍ အစိုးရနှင့် ဆွေးနွေးရန် တရားဝင် အခွင့်အာဏာ ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲနိုင်ရေးသည်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များနှင့် အစိုးရတို့ တိုက်ရိုက်ဆွေးနွေးမှုများနှင့် ဆက်စပ်ပတ်သက်နေသကဲ့သို့ လက်နက်ကိုင် တိုက်ပွဲ ဖြစ်ပွားနေသည့် အင်အားစုများသည်လည်း တိုက်ပွဲများ အဆုံးသတ်စေရေးအတွက် သဘောတူညီကြရ မည် ဖြစ်သည်။ နိုင်ငံရေးအရ ဆွေးနွေး ညှိနှိုင်းမှုများတွင်မူ အခြားအင်အားစုများ ဖြစ်သည့် နိုင်ငံရေး ပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ လွှတ်တော် နှင့် မြန်မာ့တပ်မတော်တို့အပြင် အဓိကကျသည့် ခေါင်းဆောင်များဖြစ်သော ဒေါ်အောင်ဆန်းစုကြည် စသည်တို့လည်း တက်ကြွစွာ ပါဝင်တက်ရောက်နိုင်ကြ ရမည် ဖြစ်သည်။

”

စောမူတူး ဆေးဖိုး (ကရင်အမျိုးသား အစည်းအရုံး၊ ဥက္ကဋ္ဌ) နှင့် စဝ်ယွတ်ဆတ်
(ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ) တို့၏ ပူးတွဲ ထုတ်ပြန်ချက်။

အခန်း (၄)

# ဒေသန္တရ အစိုးရစနစ်

အသိမ်းပိုက်ခံရသော မိမိ၏ရာဘာခြံကို ကြည့်နေသော ရွာသား။ ရေးမြို့နယ်။ ၂၀၁၃။ **HURFOM**

လူထုအစည်းအဝေး။ ရှားတောမြို့နယ်။ ၂၀၁၂။ **KSWDC Shadaw, 2012**






# ၄။ ၁။ အရပ်သားများကို ကာကွယ်စောင့်ရှောက်ပေးရေး

*"ဗမာစစ်တပ်ကို ကျနော်တို့ မယုံဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ သူတို့တပ်တွေကို ရုပ်သိမ်းပေးရမယ့်အစား၊ တပ်စခန်းတွေကို ပိုပြီး ခိုင်ခိုင်ခန့်ခန့် ဆောက်နေကြတယ်လေ။ သူတို့စခန်းတွေနဲ့ နီးတဲ့ နေရာတွေမှာ ကျနော်တို့ တောင်ယာ မလုပ်ရဲကြဘူး။"*

ကရင်အမျိုးသား တစ်ဦး၊ ဖာပွန်မြို့နယ်၊
မေလ (၂၀၁၃) ခုနှစ်၊ KESAN တွေ့ဆုံမေးမြန်းချက်။

ပုံ ၁၇။ အငြင်းပွားမှု ဖြေရှင်းရေး စနစ်များ




အသက်ခန္ဓာ လုံခြုံရေး၊ တရားမျှတမှု ရရှိရေးတို့နှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းပေးရေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဓိကကျသော မှတ်ကျောက်တင်စစ်ဆေးမှုပင် ဖြစ်သည်။ အပြန်အလှန် တိုက်ခိုက်နေကြသော အင်အားစု နှစ်ဖက်စလုံးက အရပ်သားများအပေါ် ကာကွယ်စောင့်ရှောက်ပေးရေးတာဝန်ကို လျစ်လျူရှုထားခဲ့ကြသကဲ့သို့၊ မြန်မာစစ်တပ်၏ သူပုန်နှိမ်နင်းရေး မဟာဗျူဟာသည်လည်း တိုက်ပွဲဖြစ်ပွားရာ နယ်မြေများအတွင်းရှိ ကျေးရွာများတွင် အရပ်သားများကို အထူးသဖြင့် ပစ်မှတ်ထားခဲ့ကာ တိုက်ခိုက်ခဲ့ရာ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြီးအကျယ် ဖြစ်ပွားစေပါသည်။ နေရာအနှံ့အပြား စနစ်တကျ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်းက ရပ်ပစ်ရေးနှင့် နောက်နောင် ထပ်မံ မဖြစ်ပွားအောင် ကြိုတင်တားဆီးရေး အတွက်ဆိုလျှင်၊ ကျူးလွန်ခဲ့သူများကို အပြစ်ပေး အရေးယူခြင်း မရှိဘဲ လွတ်လပ်နေစေသော အခြေအနေကို ပြောင်းလဲပစ်ရမည် ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများကို အရေးယူရန် လိုအပ်သည်။[၃၂]

ယခင် စစ်တမ်းကောက်ယူလေ့လာချက်များက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများရှိ အိမ်ထောင်စုဦးရေ တစ်ဝက်ခန့်မှာ၊ နိုင်ငံသားမှတ်ပုံတင်ကဒ်များရှိကြောင်း ဖော်ပြခဲ့သည်။[၃၃] ဤလေ့လာတွေ့ရှိချက်များကို အတည်ပြုရန်အတွက် ယခုနှစ်တွင် စစ်တမ်းကောက်ယူ လေ့လာခဲ့ရာ၌၊ ကျေးရွာ (၅၉%) က အိမ်ထောင်စုဝင် အများစုမှာ၊ မှတ်ပုံတင်ကဒ်များရှိနေကြောင်း၊ (၂၁%) က အိမ်ထောင်စုဝင် တစ်ဝက်ခန့်မှာ မှတ်ပုံတင်ကဒ်များ ရှိကြောင်းနှင့်၊ (၂၀%) ကမူ အိမ်ထောင်စုဝင် အနည်းစုမှသာ မှတ်ပုံတင်ကဒ် ရှိကြောင်း၊ သို့မဟုတ် အိမ်ထောင်စုဝင် အားလုံးမှာ မှတ်ပုံတင်ကဒ် မရှိကြောင်း ဖော်ပြခဲ့ကြသည်။

ကျေးရွာ (၃)% ကသာလျှင်၊ ရဲတပ်ဖွဲ့ကို အချင်းများမှုများနှင့် ရာဇဝတ်မှုများ ဖြေရှင်းပေးရေးအတွက် အဓိကထားရာ အဖွဲ့

[၃၂] KRC, May 2013, "KRC's Chairperson met with Chief Minister of Karen State"

[၃၃] See US Institute of Peace, June 2013, "Burma/Myanmar Rule of Law Trip Report: Working Document for Discussion"

အစည်းအဖြစ် ဖေါ်ပြခဲ့သည်။ မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်ကို အလုပ်မီမကြောင်း၊ သို့မဟုတ် ယုံကြည်မှု မရှိကြောင်း ဖေါ်ပြနေခြင်းပင်ဖြစ်သည်။ စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာ (၄၁)% ရှိ အိမ်ထောင်စု အများစုမှာ သတင်းအချက်အလက် ရရှိနိုင်သော နည်းလမ်းဟူ၍ မည်မည်ရရ မရှိချေ။ ကျေးရွာ (၃၄)% ၌မူ အိမ်ထောင်စု အများစုသည် ရေဒီယို နားထောင်ခြင်းအားဖြင့် သတင်းအချက်အလက် ရရှိကြသည်။ ကျေးရွာ (၅)% ၌ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တို့သည် အဓိကအားဖြင့် သတင်းဖြန့်ဝေပေးသော အဖွဲ့အစည်းများ ဖြစ်သည်ဟု ဖြေကြားကြသည်။ ယင်းတို့ထံမှာ မရနိုင်သော သတင်းများနှင့်ပတ်သက်၍ ကျေးရွာသားများသည် မိမိတို့၏ မိသားစုနှင့် မိတ်ဆွေများကိုသာ အဓိကအားဖြင့် အားထားကြရသည်။

စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာ (၃၉)% ခန့်၌ မြေမြှုပ်မိုင်းများရှိသည်ဟု မကြားသိခဲ့ရချေ။ သို့ရာတွင် ကျေးရွာ (၃၂)% ၌မူ အိမ်ထောင်စု အများစုသည် မြေမြှုပ်မိုင်း မြှုပ်ထားရာနေရာများကို မသိကြောင်း ဖေါ်ပြကြရာ၊ မြေမြှုပ်မိုင်းရှိရာ နေရာများကို သတ်မှတ်ပြထားခြင်း မရှိကြောင်း ပေါ်လွင်နေပါသည်။ စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာ (၃)% ရှိ အိမ်ထောင်စုများအဖို့၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများက မိုင်းရှိရာ နေရာတွင်၊ သတိပေး အမှတ်အသားများ ပြသထားကြောင်း သိရသည်။ ကျေးရွာ (၁၆)% ၌ အိမ်ထောင်စု အများစုသည် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ အစည်းများ၏ နှုတ်အားဖြင့် သတိပေးချက်များကို အားထားနေကြရသည်။ ကျေးရွာ (၆)% ၌မူ လူတစ်ဦးဦး၊ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင် မိုင်းထိပြီးမှသာလျှင်၊ မိုင်းများရှိနေကြောင်း လူအများ သိလာကြသည်ဟု ဆိုပါသည်။

# ၄။ ၂။ ကျေးရွာ၏ ခေါင်းဆောင်မှု


*"သိမ်းထားတဲ့ မြေတွေကို ပြန်မပေးသေးဘူး။ ခြံပိုင်ရှင်၊ လယ်ပိုင်ရှင်တွေကတော့ ပြန်တောင်းနေတာပဲ။ ဒါပေမယ့် ဘာမှ ဖြစ်မလာခဲ့ဘူး။ အုပ်ချုပ်ရေး အာဏာပိုင်တွေက အရင်အတိုင်းပဲ။ မူဝါဒတွေသာ ပြောင်းတယ်၊ သူတို့ အကျင့်စရိုက်တွေက အရင်အတိုင်းပဲ ရှိနေတယ်။ ကျနော်ကတော့ ဒီအပစ်အခတ်ရပ်စဲရေး ဆိုတာကို သံသယ ရှိနေတုန်းပဲ။"*

မွန်အမျိုးသား တစ်ဦး၊ ရေးမြို့နယ်၊
ဇွန်လ (၂၀၁၃) ခုနှစ်၊ MRDC တွေ့ဆုံမေးမြန်းချက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်းခဲ့သော်လည်း ဤအဆင့်ရှိ အစိုးရများ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်ပြဌာန်းဆုံးဖြတ်ခွင့်အပေါ် ကန့်သတ်ချုပ်ချယ်မှုများ ရှိနေခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ အုပ်ချုပ်ရေး အာဏာပိုင် အဖွဲ့၏ တာဝန်တွင် ရှုပ်ထွေးမှုများ ရှိနေခြင်း၊ ဝင်ငွေနှင့် အသုံးစားရိတ်ကို ပြည်ထောင်စု အစိုးရက ချုပ်ကိုင်ထားခြင်း တို့ကြောင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး စနစ်သည်၊ ဗဟိုက ချုပ်ကိုင်သော အုပ်ချုပ်ရေးစနစ်အဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်သည်။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ကန့်သတ်ချုပ်ချယ်ထားသော ဘောင်ထဲမှနေ၍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအားဖြင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ တောင်းဆိုနေသည့် အာဏာခွဲဝေမှုမျိုး ဖြစ်လာလိမ့်မည် မဟုတ်ချေ။ ဒေသန္တရအုပ်ချုပ်ရေးကို အားကောင်းစေခြင်းအားဖြင့် သာလျှင်၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တာဝန်ယူ တာဝန်ခံမှုမှုနှင့် ပွင့်လင်းမြင်သာမှုတို့ ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။[၂၄]

(၂၀၁၂) ခုနှစ်အတွင်းက ဥပဒေ ပြုပြင်ပြောင်းလဲမှုကြောင့်၊ ဗဟိုက ခန့်အပ်သော ကျေးရွာအုပ်ချုပ်ရေးမှူးများကို လူထုက တိုက်ရိုက် မဟုတ်ဘဲ၊ သွယ်ဝိုက်၍ ရွေးကောက်သော ကိုယ်စားလှယ်များဖြင့် အစားထိုးနိုင်ခဲ့ရာ၊ ဒေသန္တရအုပ်ချုပ်ရေးစနစ် ပိုမို အားကောင်း စေမည့် အခွင့်အလမ်း ရှိလာခဲ့သည်။ မြို့နယ်အာဏာပိုင်များနှင့် ကျေးရွာလူကြီးများ၏ လုပ်ငန်း ဆက်ဆံရေးသည် ယေဘုယျအားဖြင့် အထက်မှ အောက်သို့ အမိန့်ပေးစနစ်ဖြစ်ကြောင်း တွေ့ရသည်။[၂၅] အစိုးရ အာဏာပိုင်များအား မည်သို့ ထိတွေ့ဆက်ဆံရသနည်းဟု မေးကြည့်သောအခါ၌၊ မြို့နယ်အာဏာပိုင်များက ကျေးရွာအုပ်စု လူကြီးများအား အစည်းအဝေးခေါ်မှသာ ထိတွေ့ဆက်ဆံရသည်ဟု စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာအုပ်စုများ၏ တစ်ဝက်ခန့်က ဖေါ်ပြခဲ့သည်။ ကျေးရွာ ၁၀% ကမူ ထိတွေ့ဆက်ဆံမှု

ပုံ ၁၈။ ရွာလူကြီး ရွေးကောက်ပွဲများ




[၂၄] Center for Social and Economic Development and The Asia Foundation, 2013, *"State and Region Governments in Myanmar"*, http://asiafoundation.org/publications/pdf/1249

[၂၅] Kempel & MDR, 2012, *"Village Institutions and Leadership in Myanmar: A View from Below"*, Unpublished report to UNDP

လုံးဝမရှိပါဟု ဖြေကြသည်။ ကျေးရွာလူကြီး ၂၇% ကမူ အလိုရှိသောအခါ၌ မြို့နယ် အာဏာပိုင်များထံ ကိုယ်တိုင်သွားရောက်ခြင်းအားဖြင့်ဖြစ်စေ၊ စာရေးခြင်းအားဖြင့်ဖြစ်စေ ထိတွေ့ဆက်ဆံနိုင်ကြသည်။

ကျေးရွာလူကြီးများ၏ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ လူအများသဘောကျ လက်ခံကြကြောင်းနှင့် ဆယ်စုနှစ်များ ချီ၍ ကြာခဲ့သော စစ်အုပ်ချုပ်ရေးကာလတွင် အချင်းချင်းကူညီ ယိုင်းပင်းမှုဖြင့် ကြံ့ကြံ့ခံရပ်တည် နေထိုင်ခဲ့ကြောင်း တွေ့ရှိ ရသည်။ တရားဝင် လုပ်ထုံးလုပ်နည်းအရ ပြဋ္ဌာန်းထားသည်ဖြစ်စေ၊ ပြဋ္ဌာန်း မထားသည်ဖြစ်စေ၊ စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာ ၅၇% က ကာလအပိုင်းအခြား သတ်မှတ်ထားသော ပုံမှန်ရွေးကောက်ပွဲများဖြင့်၊ ကျေးရွာလူကြီးများကို ရွေးကောက်တင်မြှောက်ကြသည်။ ကျေးရွာ ၁၅%မှ ကျေးရွာ လူကြီးများသာလျှင် အထက်အုပ်ချုပ်ရေး အဖွဲ့က ခန့်ထားသော၊ သို့မဟုတ် အကျိုးခံစားခွင့် ပေးထားသောသူများ ဖြစ်ကြသည်။ ကျေးရွာလူကြီးများသည် အနည်းဆုံး ကျေးရွာလူထု၏ အရေးကိစ္စများနှင့် ပတ်သက်၍ အရေးကြီးသော ဆုံးဖြတ်ချက်များကို မချမှတ်မီမှာ၊ ကျေးရွာနှင့် တိုင်ပင်ဆွေးနွေးကြသည်ဟု ကျေးရွာ ၁၅% က ဖော်ပြခဲ့ကြသည်။

ကျေးရွာလူကြီးများသည် အငြင်းပွားမှု၊ အချင်းများမှုများကို ဖြေရှင်းခြင်းနှင့် ကျေးရွာကိစ္စများကို စီမံအုပ်ချုပ်ခြင်းတို့တွင် အဓိကကျသော ပုဂ္ဂိုလ်များဖြစ်သော်လည်း ဤကိစ္စများနှင့် ပတ်သက်၍ ယင်းတို့၏ စွမ်းရည်ကို ဖြစ်ညှစ်ပြီး သုံးနေကြရ သည်။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများက အဖွဲ့အစည်းအလိုက် မတူညီသော အတိုင်းအတာများဖြင့် ကျေးရွာ အုပ်ချုပ်ရေးကို ပံ့ပိုးပေးကြခဲ့သည်။ သို့ရာတွင် ဤသို့သော ပတ်သက်မှုမျိုးကြောင့် အစိုးရအာဏာပိုင်များ၏ အရေးယူ အပြစ်ပေးမှုကို ခံရနိုင်ပါသည်။ အစိုးရနှင့် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ၏ နယ်မြေအဆင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး နှင့် ဘဏ္ဍာရေးစနစ်ချင်း ပေါင်းစပ်ခြင်းသည် ကျေးရွာလူကြီးများ၏ စွမ်းရည်ပြည့်ဝမှု၊ ဝန်ထုပ်ဝန်ပိုးလျော့ပါးမှုတို့အတွက် အခရာကျပေလိမ့်မည်။

# ၄။ ၃။ သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရေး


*"အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ခိုင်မာလာရင်၊ ကျမတို့ နယ်မြေမှာ စီးပွားရေး လုပ်ငန်းတွေ ပိုများလာလိမ့်မယ်လို့ ကြားရပါတယ်။ သူတို့က ကျမတို့နယ်မြေက အဖိုးတန် သယံဇာတပစ္စည်းတွေကို ယူသွားကြမှာပေါ့။ ဒါကို ကျမတို့ မကြည့်ရက်ဘူး။ သူတို့အတွက်တော့ အကျိုးရှိပြီး၊ ကျမတို့ရဲ့ လယ်ယာမြေတွေတော့ ပျက်စီးကုန်မှာပဲ။"*

ကရင်အမျိုးသမီးတစ်ဦး၊ သံတောင်ကြီးမြို့နယ်၊ ဇွန်လ (၂၀၁၃) ခုနှစ်၊ KORD တွေ့ဆုံမေးမြန်းချက်။

အာရှတိုက်၏ နောက်ပိတ်ဆုံး ရှေ့တန်းမျက်နှာစာဆီသို့ ရင်းနှီးမြှုပ်နှံသူများ ကြိတ်ကြိတ်တိုး နေလျှက်ရှိရာ၊ ဒေသခံ ကျေးရွာများအဖို့ သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်ပျက်စီးခြင်း၊ မြေသိမ်းဆည်းခံရခြင်း၊ အိုးအိမ်အခြေပျက်ခြင်းတို့ အပါအဝင် သဘာဝအရင်းအမြစ် ထုတ်ယူခြင်း၏ ဒဏ်များကို ခံရမည့် အန္တရာယ်ကြီးမားစွာ ရှိနေပါသည်။ ဖြစ်ပေါ်လာနိုင်စရာရှိသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်ရိုက်ခတ်မှုများကို ထည့်သွင်းစဉ်းစားခြင်း၊ သဘာဝ အရင်းအမြစ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံအုပ်ချုပ်နိုင်ခြင်း မရှိပါက၊ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသခံလူထုများအဖို့ ယခင်ကထက်ပို၍ နစ်နာနိုင်ဖွယ်ရှိပြီး၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း လမ်းကြောင်း တိမ်းချော်သွားမည့် အလားအလာ ရှိနေသည်။

မြန်မာနိုင်ငံရှိ သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေး ကြိုးပမ်းဆောင်ရွက်မှု (Extractive Industries' Transparency Initiative- EITI) သည်၊ အစိုးရ ဘဏ္ဍာဝင်ငွေမှာ အကြိုးဝင်သော ပေးဆောင်မှုများ (payments) ကို အလွဲသုံးစားမပြုစေရေးအတွက် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုအဖြစ်၊ ဖြစ်ပေါ်တိုးတက်လာမည့် အလားအလာရှိသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် စောင့်ကြည့်ခြင်းတို့တွင် နယ်မြေခံလူထုပါဝင်မှုသည် မရှိမဖြစ် အရေးပါပြီး၊ သို့မှသာ နယ်မြေလူထုများ ရှင်သန်ရပ်တည်နိုင်ရေး လူနေမှုအဆင့်အတန်း မြင့်တက်လာစေမည်ဖြစ်သည်။ လောလောဆယ် စစ်တမ်းကောက်ယူလေ့လာခဲ့သော ကျေးရွာများ၏ ၃၇%တွင် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ ဖွဲ့စည်းထားရှိပြီး၊ ကျေးရွာအဆင့် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရေးလုပ်ငန်း တိုးတက်ရေးအတွက် ဆွေးနွေးပွဲ အတော်များများ ကျင်းပခဲ့ပြီး ဖြစ်သည်။

**ပုံ ၁၉။ မြေယာလုပ်ပိုင်ခွင့် ချထားရေး စနစ်များ**



စစ်တမ်းကောက်ယူ လေ့လာခဲ့သော ကျေးရွာ ၅၉% ၏ ပတ်ဝန်းကျင်ရှိ သစ်တောများနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ သို့မဟုတ် အခြားသော ကျူးကျော်မှုရန်များမှ ကာကွယ်စောင့်ရှောက်ရေး အစီအမံများကို ချမှတ်ထားခြင်း မရှိသေးချေ။ ကျေးရွာ ၂၀% မှာသာလျှင် သစ်တောများကို အတော်အတန် ကျယ်ဝန်းသော၊ ကြိုးဝိုင်းသစ်တောများအဖြစ် သတ်မှတ်ထားပြီး၊ အများ လေးစားမှုလည်းရှိ၊ မည်သူမျှ ဖီဆန်ဝံ့ခြင်းလည်း မရှိသော အာဏာဖြင့် ကာကွယ်စောင့်ရှောက်ထားသည်။

ရိုးရာဓလေ့အရ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်စားသောက်သော တောင်သူလယ်သမားများအဖို့၊ မြေယာလုပ်ကိုင်ခွင့် ရရှိရေးသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် တရားမျှတမှုခံစားရရေးတို့အတွက် အခရာ ကျသည်။[၃၆] ကျေးရွာ ၄၁% ရှိ အနည်းဆုံး အိမ်ထောင်စု ထက်ဝက်ခန့်သည် လောလောဆယ်တွင် နေအိမ်ဆောက်လုပ်မှု၊ သို့မဟုတ် စိုက်ပျိုးမှုတို့နှင့်ပတ်သက်သော မြေယာလုပ်ကိုင်ခွင့် လုံခြုံမှုအတွက်၊ ကျေးရွာလူကြီးများကို အားထားနေကြရကြောင်း ဤစစ်တမ်းကောက်ယူလေ့လာချက်အရ သိရှိရသည်။ ကျေးရွာ ၃၀% ၏ အိမ်ထောင်စုအများစုမှာ အစိုးရ တိုင်းတာသတ်မှတ်ပြီး၊ အသိအမှတ်ပြုထားသော မြေယာများ ရှိကြသည်။ ကျေးရွာ ၂၀% ရှိ အိမ်ထောင်စု အများစုအတွက်မူ အစိုးရမဟုတ်သော အဖွဲ့အစည်းများက မြေယာလုပ်ကိုင်ခွင့် လက်မှတ်များ ထုတ်ပေးထားသည်။

